မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၆၇)

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်　　၂၀၁၄ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘွဲ့တံဆိပ်တော်ဆက်ကပ်ပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း

နေပြည်တော်　မတ်　၁၅

၂၀၁၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကိုကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သီဟိုဠ်ဦးကျောင်း ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒောဘာသက သာမ္မောဒနီယ သြဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သီဟိုဠ်ဦးကျောင်းပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသနှင့် ဟင်္သာတမြို့ အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တအရိယဝံသတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ ဝင်းစိန်တောရဆရာတော်

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သီဟိုဠ်ဦးကျောင်းပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသအား ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအတွက် ဂျပန်၌ကူးတို့သင်္ဘောသုံးစင်း တည်ဆောက်နေ

ရန်ကုန်　မတ်　၁၅

ပြည်တွင်းရေကြောင်းက ပြေးဆွဲပေးနေသော ရန်ကုန်-ဒလကူးတို့သင်္ဘောများနေရာတွင် ဂျပန်နိုင်ငံလုပ် ကူးတို့သင်္ဘောအသစ်သုံးစင်းဖြင့် ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်-ဒလ ကူးတို့သင်္ဘောတွေ နေ့စဉ်ပြေးဆွဲမှုပြုလုပ်နေပါတယ်။ ခရီးသည်တွေအတွက် ပိုပြီး အဆင်ပြေစေဖို့နဲ့ အဆင့်အတန်းမြင့်စွာစီးနင်းနိုင်ဖို့အတွက် ဂျပန်နိုင်ငံ JICA ရဲ့ အကူအညီနဲ့ကူးတို့သင်္ဘောအသစ်သုံးစင်းကို အစားထိုးပြေးဆွဲပေးနိုင်ဖို့ကြိုးစားနေပါတယ်။ ဒီနှစ်မကုန်ခင်မှာပြေးဆွဲနိုင်မှာပါ"ဟု ပြည်တွင်းရေကြောင်းမှ အထွေထွေမန်နေဂျာ ဦးဝင်းသိန်းက ပြောသည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာ ၁၁ ကော်လံ ၁ ✳

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ယဉ်ကျေးလိမ္မာသင်တန်းများ

နွေရာသီကျောင်းပိတ်ပြီဆိုလျှင် ကျောင်းသားကျောင်းသူများတက်ရောက်ကြသည့်သင်တန်းများတွင် ယဉ်ကျေးလိမ္မာသင်တန်းများလည်း အပါအဝင်ဖြစ်ပါသည်။ ဤသင်တန်းသည် ကျောင်းသားကျောင်းသူတိုင်း တက်ရောက်သင်ယူထားသင့်သောသင်တန်းဖြစ်ပါသည်။ ဤယဉ်ကျေးမှုသင်တန်းများသည် သင်ယူချိန်ကာလ တိုတောင်းလှသော်လည်း ကျောင်းသားကျောင်းသူများအတွက် များစွာအကျိုးရှိသော သင်တန်းဖြစ်ပါသည်။

ထိုသင်တန်းများသည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဟုဆိုကြသော်လည်း ဘဝတစ်လျှောက်လုံး နေတတ်ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်စေရန်သင်ယူရခြင်းဖြစ်ပါသည်။ ထိုကြောင့်လည်း ဤသင်တန်းကို ယဉ်ကျေးလိမ္မာသင်တန်းဟုဆိုကြခြင်းပင်ဖြစ်ပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများကို အများအားဖြင့် ဆရာတော်သံဃာတော်များက သင်ကြားပေးလေ့ရှိပါသည်။မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်စသည့် ဆက်ဆံရေးများကအစ ဆရာတော်များက သင်ကြားပေးလေ့ရှိပါသည်။ ဤသင်တန်းများသည် လူတော်လူကောင်းတစ်ယောက်ဖြစ်လာရန် များစွာအထောက်အပံ့ဖြစ်စေနိုင်ပါသည်။ ဘာသာတရားကိုင်းရှိုင်းမှုအားကောင်းလာပြီး လိမ္မာယဉ်ကျေးသော လူငယ်များဖြစ်လာနိုင်ပါသည်။

အချို့သော သားသမီးများမှာ မိဘများဆိုဆုံးမမှုအလွန်ပင်ခက်ခဲသူများ ရှိပါသည်။ ထိုသူများမှာ ငယ်စဉ်အခါက မိဘများ၏ဆိုဆုံးမမှုအားနည်း၍လည်းကောင်း၊ ယဉ်ကျေးမှုသင်တန်းမတက်ရောက်ခဲ့ရ၍လည်းကောင်း ဆုံးမရခက်ခဲနေခြင်းဖြစ်ပါသည်။ ပုံစံသွင်းရမည့်ကလေးဘဝတွင် ပုံစံမသွင်းဘဲထားခဲ့သည့်အတွက်ကြောင့် ဖြစ်ပါသည်။ ကလေးဘဝတွင် သင်ယူရခြင်းမှာ များစွာလွယ်ကူပါသည်။ ငယ်စဉ်တောင်ကျေးကလေးဘဝတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံသင်တန်းများ တက်ရောက်ထားခြင်းဖြင့် အသက်အရွယ်ကြီးလာသည့်အခါ ဆုံးမရလွယ်ကူစေမည်ဖြစ်ပါသည်။

သို့သော် ကျောင်းသားအများစုမှာ ထိုသင်တန်းကို မတက်ကြပါ။ သင်ယူတက်ရောက်သင့်သည်ဟူ၍လည်း မထင်ကြပါ။ အဓိကအားဖြင့် မိဘများတွင်တာဝန်ရှိပါသည်။ မိဘများကိုယ်တိုင် ထိုယဉ်ကျေးမှုသင်တန်းကို မတက်ဖူးသူများစွာရှိပါသည်။ အမှန်စင်စစ် ဤယဉ်ကျေးလိမ္မာသင်တန်းများသည် ဘဝတစ်လျှောက်လုံးအတွက် အသုံးဝင်ပါသည်။ သံသရာအတွက်လည်း ကောင်းပါသည်။

သို့ဖြစ်၍ မိဘများအနေဖြင့် မိမိတို့သားသမီးများ ဘာသာရေးအသိဗဟုသုတတိုးပွားလာပြီး ဆိုဆုံးမရလွယ်ကူသော သားကောင်းသမီးကောင်းဖြစ်လာစေရန် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ တက်ရောက်သင်ယူစေသင့်ပါကြောင်း။ ။

နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

ပြည်တွင်းသတင်း

(၆၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ပိုင်းဝန်းကူညီဆောင်ရွက်ရေး။

☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စစည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

ပလက်ဝနှင့် ကျောက်တော်မြို့နယ်အတွင်းရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် မတ် ၁၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်နှင့်အတူ မတ် ၁၂ ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့တွင်း အခြေအနေများအား လှည့်လည်ကြည့်ရှုကာ ကီမိုခန်းမ၌ ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပလက်ဝမြို့နယ် ကစ္ဆပနဒီမြစ်ဆိပ်တွင် အိန္ဒိယ-မြန်မာချစ်ကြည်ရေး တံတားတည်ဆောက်နေပြီဖြစ်၍ တစ်စထက်တစ်စ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ကစ္ဆပနဒီမြစ်ကြောင်း တစ်လျှောက်သည် သဘာဝအလှတရားများဖြင့် ပြည့်နှက်နေသည့်အတွက် ပြည်ပဧည့်သည်များအား လက်ကမ်းဖိတ်ခေါ်ရာ သဘာဝခရီးသွားလုပ်ငန်းနေရာတစ်ခုဖြစ်လာပြီး ပလက်ဝမြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စည်ကားလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျေးရွာအထောက်အကူပြုကော်မတီဝင်များမှ မိမိရပ်ရွာများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒိုးချောင်းဝ၊ ပိန္နဲတမ၊ ပက္ကလိုဝ၊ ဂဏန်းရွာ၊ သောင်ဝ၊ စိမ့်ဝင်ဘောက်ဘလိုင်း၊ ကြောင့်ချောင်း၊ ထိန်လက်ဝ၊ ဖရုံချောင်းဖျား၊ ချင်းခေါက်၊ ဇီ၊ မဝ၊ မြိုင်စို၊ ဖရုံချောင်းဝ၊ တစ်ချိုင်၊ ရှင်လက်ပ၊ တုံးမဝ၊ ပေါင်းမို၊ တိုင်ဝ၊ အင်ဝနှင့်ဆီးဖလောင်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၏ လိုအပ်ချက်များဖြစ်သည့် စာသင်ကျောင်း စာသင်ခုံများ၊ ကျန်းမာရေးလိုအပ်ချက်များ၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်လမ်းများ ဖောက်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ကျောက်တော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျောက်တော်မြို့နယ် သောက်သုံးရေပေးစနစ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ကျောက်တော်မြို့မှ ၄၄ မိုင်အကွာ ရှောက်ချောင်ရွာ၏ အနောက်ဘက်တွင် ရှောက်ချောင်ရေလှောင်တမံအား ကျောက်တော်မြို့နယ် ရေပေးဝေရေးအတွက် တည်ဆောက်လျက်ရှိသည်။ အဆိုပါ ရေလှောင်တမံသည် ရေဂါလန်သန်း ၄၅၀၀၀ သိုလှောင်နိုင်ပြီး တစ်နှစ်လျှင် ရေဂါလန် ၃၇၈ သန်း သုံးစွဲနိုင်မည်ဖြစ်သည်။

ဆက်လက်၍ မြောက်ဦးမြို့နယ် ထိန်ညိုကျေးရွာသို့ ရောက်ရှိကာ ဒေသခံကျေးရွာ ပြည်သူလူထုနှင့်တွေ့ဆုံပြီး ထိန်ညို၊ တင်းထိန်ကန်၊ ဝက်လှ၊ ခွဆုံ၊ ပြလှနှင့် သပြေကန် ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာအတွက် အဓိကအခြေခံအဆောက်အအုံလိုအပ်ချက်များ၊ သျှင်ကျောင်း-ထိန်ညိုကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်ရေးနှင့် ထိန်ညိုကျေးရွာ အဝင်လမ်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ နန့်ဒရန့်ချောင်းကူးတံတားကျိုးပြန်

ထင်သာမြင်သာပြုပြင်စရာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ စီပိန်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်ဒရန့်ချောင်းကူးတံတားသည် မတ် ၁၄ ရက်က ကျိုးကျခဲ့ကြောင်း သိရသည်။

နန့်ဒရန့်ချောင်းကူးတံတားသည် အရှည်ပေ ၁၈၀ ခန့်၊ အကျယ် ၁၅ ပေခန့်၊ အမြင့် ၁၅ ပေခန့်ရှိသည့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်မှ ချောင်းကူးတံတားတစ်စင်းဖြစ်သည်။

၄င်းတံတားပေါ်သို့ ရွှေဘိုဘက်မှ မောင်းနှင်လာသည့် ယာဉ်အမှတ် ၃ င/. . . ရွှေခြင်္သေ့မှန်လုံယာဉ်က ဖြတ်သန်းစဉ် တံတားအလယ်ခန့်တွင် ဘီးနင်းအခင်းပြားပေါ်မှ အရှေ့ဘက်တံတားလက်ရန်းတိုင်အနီးသို့ ကျွံကျပြီး ကျိုးကျမှုဖြစ်ပွားခဲ့ကြောင်း၊ **(အပေါ်ပုံ)** နန့်ဒရန့်ချောင်းကူးတံတားသည် ၁၉-၁၁-၂၀၁၃ ရက်ကလည်း ကျိုးကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

ပြည်တွင်းသတင်း

သာသနာ့ဝန်ထမ်းရှင်ရဟန်းများ၏သန္တာန်၌ သူတော်ကောင်းတရားများအစဉ်အမြဲ တည်တံ့တိုးပွားနေမှသာ သာသနာတော်အဓွန့်ရှည်စွာသန့်ရှင်းတည်တံ့ပြန့်ပွားမည်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ၏ သာရဏီယဩဝါဒကထာ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်များ ဘွဲ့ခံဆရာတော်များအား အစုံအလင် ဖူးတွေ့ရသောကြောင့် တပည့်တော် အလွန်ဝမ်းသာပီတိဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

ယနေ့အခမ်းအနားသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်များသည် မြတ်ဗုဒ္ဓ၏ ဩဝါဒခံ တပည့်သားများဖြစ်ကြပါ၍ ဗုဒ္ဓသာသနာတော်အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ကြကုန်သော သာသနာ့ဝန်ထမ်းရဟန်းတော်များဖြစ်ကြပါသည်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၏သန္တာန်၌ သူတော်ကောင်းတရားများ အစဉ်အမြဲ တည်တံ့ တိုးပွားနေမှသာ သာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ပြန့်ပွားမည်ဖြစ်သဖြင့် မသူတော်တရားများ မတိုးပွားအောင် ဆောင်ရွက်နေကြရန် ဖြစ်ပါသည်။

ယခုအခါ သာသနာတော်နှစ် ၂၅၅၇ ခုနှစ်ရှိပြီဖြစ်ပါ၍ သာသနာတော် နောက်ပိုင်းကာလဖြစ်သောကြောင့် မသူတော်တရားများ တိုးပွားရန်အကြောင်းများစွာရှိနေပါသည်။ ယင်းမသူတော်တရားများကို သူတော်ကောင်းတရား လက်နက်ဖြင့်သာ ပယ်ဖျက်ချေမှုန်းနိုင်ပါသည်။ ဤမဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့သည် ဤတရားများကို သိပြီးဖြစ်သော်လည်း "သတိံ စခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ" ဟု မြတ်ဗုဒ္ဓမိန့်ကြားချက်နှင့် လျော်ညီစွာ သမ္မာသတိကိုယ်စီရှိကြလျက် မသူတော်တရားများကို သူတော်ကောင်းတရားလက်နက်ဖြင့် ချေဖျက်နိုင်ကြရန် မြတ်ဗုဒ္ဓ၏ ဩဝါဒတော်ကို ထပ်ဆင့်ဩဝါဒအဖြစ် ဓမ္မလက်ဆောင်ဖြန့်ဝေအပ်ပါသည်။

မြတ်ဗုဒ္ဓက-

"ကထဉ္စ ဘိက္ခဝေ သပ္ပုရိသော သဒ္ဓမ္မသမန္နာဂတော ဟောတိ၊
ဣဓ ဘိက္ခဝေ သပ္ပုရိသော သဒ္ဓေါ ဟောတိ၊ ဟိရိမာ ဟောတိ၊
ဩတ္တပ္ပီ ဟောတိ၊ ဗဟုဿုတော ဟောတိ၊ အာရဒ္ဓဝီရိယော
ဟောတိ၊ ဥပဋ္ဌိတဿတိ ဟောတိ၊ ပညဝါဟောတိ၊
ဧဝံ ခေါဘိက္ခဝေ သပ္ပုရိသော သဒ္ဓမ္မသမန္နာဂတော ဟောတီတိ"

ဥပရိပဏ္ဏာသပါဠိတော် စူဠပုဏ္ဏမသုတ်၌ သူတော်ကောင်းတရား ခုနစ်ပါးကို ဟောတော်မူခဲ့ပါသည်။

ယင်းသူတော်ကောင်းတရား ခုနစ်ပါးဟူသည်မှာ **"သဒ္ဓါ၊ဟိရီ၊ဩတ္တပ္ပ၊ ဗဟုဿုတ၊ အာရဒ္ဓဝီရိယ၊ ဥပဋ္ဌိတဿတိ၊ ပညာ"** တို့ဖြစ်ပါသည်။ ယင်း သူတော်ကောင်းတရား ခုနစ်ပါးတို့ကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ အဇ္ဈတ္တသန္တာန်၌ အစဉ်အမြဲတိုးပွားနေမှသာ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာတည်တံ့ပြန့်ပွားနိုင်ပါသည်။ ယင်းတရားများ မတည်တံ့မတိုးပွား ပျက်ပြားဆုတ်ယုတ်လျှင် ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်တော့မည်မဟုတ်ပါ။

ထို့ပြင် ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သူတော်ကောင်းတရားခုနစ်ပါး အစဉ်အမြဲတည်တံ့ပြန့်ပွားစေရန် သူတော်ကောင်းတရားမတိုးပွားကြောင်းဖြစ်သော **"မသူတော်တရားလေးမျိုး"** နှင့် တိုးပွားကြောင်းဖြစ်သော **"သူတော်တရားလေးမျိုး"** တို့ကို အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့သည်ကိုသတိပြုရပါမည်။

ထိုတရားတို့တွင် မသူတော်တရားလေးမျိုးဟူသည်မှာ-

၁။ အမျက်ထွက်ခြင်းကို အလေးပြု၍သူတော်ကောင်းတရားကို အလေးမပြုခြင်း၊
၂။ သူ့ကျေးဇူးချေဖျက်ခြင်းကိုအလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊
၃။ လာဘ်(ရခြင်း)ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊
၄။ အရိုအသေပြုမှု(သက္ကာရ)ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း

တို့ဖြစ်ပါသည်။

ယင်းမသူတော်တရားလေးမျိုးတိုးပွားနေလျှင် သူတော်ကောင်းတရား ခုနစ်ပါး မတိုးပွားဘဲ ဆုတ်ယုတ်ပျက်ပြားပြီး ဗုဒ္ဓသာသနာတော်လည်း အဓွန့်ရှည်စွာသန့်ရှင်းတည်တံ့ပြန့်ပွားနိုင်တော့မည်မဟုတ်ပါ။ ယင်းမသူတော်တရားလေးမျိုးကို မဖြစ်ပွားအောင် သတိသမ္ပဇဉ်တရား လက်ကိုင်ထားကြလျက်-

၁။ သူတော်ကောင်းတရားကို အလေးပြု၍ အမျက်ထွက်ခြင်းကို အလေးမပြုခြင်း၊
၂။ သူတော်ကောင်းတရားကို အလေးပြု၍ သူ့ကျေးဇူးချေဖျက်ခြင်းကို အလေးမပြုခြင်း၊
၃။ သူတော်ကောင်းတရားကို အလေးပြု၍ လာဘ်ရခြင်းကို အလေးမပြုခြင်း၊
၄။ သူတော်ကောင်းတရားကို အလေးပြု၍ အရိုအသေပြုမှု (သက္ကာရ) ကိုအလေးမပြုခြင်း

ဟူသော သူတော်ကောင်းတရားတိုးပွားကြောင်းဖြစ်သည့် သူတော်တရားလေးမျိုးဖြင့် ပယ်ရှားနိုင်မှသာ သူတော်ကောင်းတရား တိုးပွားပြီး ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်ဗုဒ္ဓမိန့်ကြားထားသော ဩဝါဒတော်မှာ-

"ယေ စ သဒ္ဓမ္မဂရုနော၊ ဝိဟံသု ဝိဟရန္တိစ။
တေ ဝေ ဓမ္မေဝိရူဟန္တိ၊ သ္နေဟာန္ဝယ မိဝေါသဓာ"

သူတော်ကောင်းတရားကို အလေးပြုသည်ဖြစ်၍ နေခဲ့ကြကုန်ပြီး နေလည်း နေကြကုန်ဆဲ၊ ရဟန်းတို့သည် စင်စစ်အားဖြင့် **"အစေးသို့အစဉ်လိုက်သော ဆေးပင်သည် ကြီးပွားသကဲ့သို့ ထို့အတူ တရားတော်၌ကြီးပွားကုန်၏"** ဟု သူတော်ကောင်းတရား ကြီးပွားကြောင်းတရားတော်ကို မိန့်ကြားတော်မူခဲ့ပါသည်။

သို့ဖြစ်ပါ၍ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့်တကွ ဆည်းကပ်ကိုးကွယ်သူ ဒါယကာ ဒါယိကာမများ ဗုဒ္ဓသာသနာတော်အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားစေနိုင်သော သူတော်ကောင်းတရားခုနစ်ပါး တိုးပွားရန် သတိသမ္ပဇဉ်တရားလက်ကိုင်ထားပြီး မသူတော်တရား လေးမျိုးကို သူတော်တရားလေးမျိုးဖြင့် ပယ်ရှားနိုင်ကြရန် ရည်သန်၍ မြတ်ဗုဒ္ဓ၏ အင်္ဂုတ္တိုရ် ပါဠိတော် **"ဒုတိယ ကောဓဂရုသုတ်"** တရားတော်ကို ထပ်ဆင့်ဩဝါဒတရားအဖြစ် ဓမ္မလက်ဆောင်ပေးဝေလိုက်ပါသတည်း။

ဥပ္ပါတသန္တိစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

ဥပ္ပါတသန္တိစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော် လိုဏ်တော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးဆန်းဆင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၆ နာရီတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့် စေတီတော် အရှေ့မြောက်ထောင့်ရှိ မဟာ ဆုတောင်းပြည့်ဘုရားတို့အား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် **(ယာပုံ)**၊ ဦးဆန်းဆင့်နှင့် တာဝန်ရှိသူများက ရွှေကြာသင်္ကန်းတော်များကို ကပ်လှူပူဇော်ကြသည်။

အနေကဇာတင်

ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထွန်းညှိပူဇော်

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်ကြီးအား ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ကြသည်။

အလားတူ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို မတ် ၁၄ ရက် ညနေ ၄ နာရီတွင် စေတီတော် သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဦးဆန်းဆင့်တို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြကြပြီး စေတီတော်ဩဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာ မိန့်ကြားတော်မူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် နှစ် (၃၀)အတွင်း ပထမဆုံးအကြိမ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံတွင် နှစ်(၃၀)အတွင်း ပထမဆုံးအကြိမ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ အဓိကတာဝန်ခံ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဒေသခံပြည်သူများက ကူညီ ပူးပေါင်းဆောင်ရွက်နေပြီး ကုလသမဂ္ဂ လူဦးရေရန်ပုံငွေ (UNFPA)မှ နည်းပညာဆိုင်ရာပံ့ပိုးမှုများဖြင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အထောက်အကူ

သန်းခေါင်စာရင်း ကောက်ယူခြင်းသည် ကမ္ဘာကမြန်မာနိုင်ငံအကြောင်း ပိုမိုသိစေသည့်အပြင် ပြည်သူများ၏ လတ်တလောလိုအပ်ချက်များကို လေ့လာသိရှိနိုင်သောကြောင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ရာ၌ အထောက်အကူဖြစ်နိုင်မည်ဖြစ်သည်။

ကောက်ယူရရှိမည့် သတင်းအချက်အလက်များသည် နိုင်ငံတော်၏ ဒေသအသီးသီးတွင် နေထိုင်နေသည့် လူဦးရေအရေအတွက်နှင့် ပြည်သူများလိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှု၊ အိမ်ရာဆောက်လုပ်မှုအခြေအနေနှင့် သယ်ယူပို့ဆောင်ရေးစသည်တို့ကို တိကျမှန်ကန်စွာ ဖော်ပြသွားနိုင်မည် ဖြစ်သည်။

သန်းခေါင်စာရင်း ကောက်ယူရာ၌ မေးခွန်း ၄၁ ချက်ပါ မေးခွန်းများကို အသုံးပြုပြီး မတ်လ ၂၉ ရက်ညတွင် ရောက်ရှိနေသည့် နေရာပေါ်အခြေခံပြီး လူဦးရေစာရင်းကောက်ယူသွားမည်ဖြစ်သည်။ မေးခွန်းများဖြေဆိုခြင်းနှင့် ပတ်သက်၍ ပြည်တွင်းသတင်းစာများတွင် ထည့်သွင်းဖော်ပြလျက်ရှိကြောင်းလည်း သိရသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်တစ်သိန်းခန့်နှင့် စာရင်းစစ်နှစ်သောင်းခန့်တို့သည် ရပ်ကွက်၊ ကျေးရွာသန်းခေါင်စာရင်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်းတွင် တစ်အိမ်တက် တစ်အိမ်ဆင်းတွေ့ဆုံမေးမြန်းပြီး စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပံ့ပိုးကူညီ

သန်းခေါင်စာရင်း လုပ်ငန်းအတွက် ကုန်ကျမည့်ခန့်မှန်းငွေပမာဏမှာ စာရင်းကောက်ကာလအထိ အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၀ ခန့်ဟု ခန့်မှန်းထားပြီး နိုင်ငံတော်မှ ဒေါ်လာ ၁၅ သန်းအကုန်အကျခံမည့်အပြင် လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးမည်ဟုလည်း သိရသည်။ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုအတွက် ဒေါ်လာ ငါးသန်း ပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ငွေများကို အလှူရှင်နိုင်ငံများမှ စုစုပေါင်း ဒေါ်လာ ၄၁ သန်း ပံ့ပိုးကူညီကြမည်ဟု ကတိပြုထားကြကြောင်းသိရသည်။

ပြည်လုံးကျွတ်အဆင့် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ခဲ့သည်မှာ လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော်ကဖြစ်၍ ထိုစဉ်က နိုင်ငံလူဦးရေသည် ၃၅ သန်းကျော်သာရှိပြီး ယခုအခါ သန်း ၆၀ ကျော်ရှိနေပြီဟု နိုင်ငံတော်က ထုတ်ပြန်ထားသဖြင့် ယခင်နှစ် (၃၀) ကျော်ကထက် လုပ်ငန်းပမာဏ နှစ်ဆခန့် ပိုမိုဆောင်ရွက်ရသည်ဟုလည်း သိရသည်။ ၎င်းအပြင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ဆောင်ရွက်မှုများကြောင့် ယခင်နှစ် (၃၀) ကျော်ကာလထက် ပိုမိုပြီး နိုင်ငံတော်အတွင်း ဒေသစုံလင်စွာ စာရင်းကောက်ယူနိုင်မည်ဖြစ်သည်ဟု သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ရဝမ်ဒါထောက်လှမ်းရေးအကြီးအကဲဟောင်း ထောင်ဒဏ် ၂၅ နှစ် ချမှတ်ခံရ

ရဝမ်ဒါ မတ် ၁၅

ပြင်သစ်တရားရုံးက ရဝမ်ဒါထောက်လှမ်းရေးအကြီးအကဲဟောင်း ပါစကယ်ဆင်ဘီကန်ဝါအား ၁၉၉၄ ခုနှစ်က လူမျိုးတုံးသတ်ဖြတ်မှုဖြင့် ထောင်ဒဏ် ၂၅ နှစ် ချမှတ်လိုက်သည်။

ဆင်ဘီကန်ဝါသည် လူမျိုးတုံးသတ်ဖြတ်မှုတွင် ပြစ်မှုထင်ရှားသည့်အပြင် လူသားချင်းစာနာမှုမဲ့သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု ဆိုသည်။ အသက် ၅၄ နှစ်အရွယ်ရှိ ဆင်ဘီကန်ဝါကို ၂၀၀၈ ခုနှစ်က ပြင်သစ်-အိန္ဒိယသမုဒ္ဒရာ မာရွတ်တေးကျွန်းပေါ်၌ နေထိုင်နေစဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ၎င်း၏ လွန်ခဲ့သော အနှစ် ၂၀ က ရဝမ်ဒါ၌ လူမျိုးတုံးသတ်ဖြတ်မှုအပေါ် ပြင်သစ်နှင့် ဆက်နွယ်ပြီး ပြင်သစ်နိုင်ငံ၌ စီရင်ခဲ့သူဖြစ်သည်။

လွန်ခဲ့သည့် ရက်ပေါင်း ၁၀၀ ကာလအတွင်း တွတ်ဆီနှင့် ဟူတူ မျိုးနွယ်စု ၈၀၀၀၀ သေဆုံးခဲ့ရသည်။ သို့သော် ၎င်းက စွပ်စွဲချက်များအပေါ် ငြင်းဆိုထားသည်။

(ဘီဘီစီ)

....

ယူကရိန်းအရှေ့ပိုင်း အဓိကရုဏ်းဖြစ်

ကီယက်ဗ် မတ် ၁၅

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ခါကစ်မြို့၌ ယူကရိန်းလိုလားသူများနှင့် ရုရှားတက်ကြွလှုပ်ရှားသူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ နှစ်ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

ယမန်နေ့က သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ ငါးဦးဒဏ်ရာရရှိသွားခဲ့သည်။ အကြမ်းဖက်မှုအပေါ် ပြိုင်ဘက်အုပ်စုနှစ်ခုက အပြန်အလှန် အပြစ်ပြောဆိုခဲ့ကြသည်။

စောစောပိုင်းက ရုရှားနှင့် အမေရိကန်တို့သည် ယူကရိန်း ခရိုင်းမီးယားဒေသအကျပ်အတည်း ဖြေရှင်းရန် ဆွေးနွေးခဲ့ရာတွင် အောင်မြင်မှုမရခဲ့ပေ။ ရုရှားက တနင်္ဂနွေနေ့ လူထုဆန္ဒခံယူပွဲကို အလေးအနက်ထားရန် သန္နိဋ္ဌာန်ချထားသည်ဟုဆိုသည်။ သို့သော် အမေရိကန်က ထိုလူထုဆန္ဒခံယူပွဲမှာ တရားမဝင်ဟု ဆိုသည်။ **(ဘီဘီစီ)**



ရုရှားပြည်သူများက သမ္မတပူတင်အား ဖြုတ်ချနိုင် အမေရိကန်ဆီးနိတ်အမတ် ဂျွန်မက်ကိန်းပြော

ဝါရှင်တန် မတ် ၁၅

ရုရှားပြည်သူများက သမ္မတဗလာဒီမာပူတင်အား နောက်ဆုံး ဖြုတ်ချလိမ့်မည်ဖြစ်ကြောင်း အမေရိကန် ရီပတ်ဘလီကင်အမတ်လည်းဖြစ်၊ သမ္မတလောင်းလည်းဖြစ်ခဲ့ဖူးသူ ဂျွန်မက်ကိန်းက သတိပေးပြောကြားလိုက်သည်။

ယူကရိန်းက ဗစ်တာယာနူကိုဗစ်လို ရုရှားပြည်သူများက သမ္မတပူတင်အား ဖြုတ်ချလိမ့်မည်ဟု ဂျွန်မက်ကိန်းက ပြောကြားခဲ့သည်ကို နယူးယောက်တိုင်း(မ်)က ဖော်ပြသည်။ ဖေဖော်ဝါရီလအတွင်း ယူကရိန်းမြို့တော် ကီယက်ဗ်မှ ထွက်ပြေးခဲ့သော ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်ကို ပြည်သူများက ဖြုတ်ချခဲ့ခြင်းကို ရည်ညွှန်း၍ ဂျွန်မက်ကိန်းက ပြောဆိုခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းကဲ့သို့သော အိမ်နီးချင်းနိုင်ငံများ လွတ်မြောက်မှုအပေါ် လက်မခံနိုင်ကြောင်း၊ မော်စကိုက အိမ်နီးချင်းနိုင်ငံများကို ဩဇာလွှမ်းမိုးချင်ကြောင်း မက်ကိန်းက ပြောသည်။

ယူကရိန်းအနေဖြင့် အကျပ်အတည်းမှရုန်းထွက်လာလျှင် ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်လာမည်ကို ရုရှားက သဘောမတူနိုင်ဘဲ ရှိသည်။

မစ္စတာပူတင်အနေဖြင့် ရုရှားအင်ပါယာအိပ်မက်ကို အဆုံးသတ်သင့်ပြီဖြစ်ကြောင်းလည်း ဂျွန်မက်ကိန်းက ပြောဆိုလိုက်သည်။

ယူကရိန်း အကျပ်အတည်းကို မကိုင်တွယ်သည့်အတွက် သမ္မတဘားရက်အိုဘားမားကိုလည်း ဂျွန်မက်ကိန်းက ဝေဖန်လိုက်သည်။

(ပရက်စ်တီဗွီ)

ပနားမားတူးမြောင်းတိုးချဲ့ရာတွင် အငြင်းပွားမှုကို အဆုံးသတ်ရန် သဘောတူညီမှု လက်မှတ်ရေးထိုး

ပနားမား မတ် ၁၅

ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့(ACP)သည်ပနားမားတူးမြောင်းတိုးချဲ့သည့်စီမံကိန်းကို နှောင့်နှေးမှုများဖြစ်စေသည့်ဒေါ်လာ ၆ ဘီလီယံကျော် ကုန်ကျမည့် အငြင်းပွားမှုကို အဆုံးသတ်ရန် သဘောတူညီချက်တစ်ရပ်ကို အတည်ပြုခဲ့သည်။

၎င်းစီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် အပြီးသတ်နိုင်ရန်အတွက် စီမံကိန်းအာမခံကုမ္ပဏီ တစ်ခုစီအနေဖြင့် ဒေါ်လာသန်း ၁၀၀ စီ ထပ်ဆောင်းပေးရမည်ဖြစ်ပြီး စုစုပေါင်း ဒေါ်လာသန်း ၄၀၀ တောင်းဆိုရန် ခွင့်ပြုပေးရမည်ဖြစ်ကြောင်း ACPနှင့် စပိန်နိုင်ငံဦးဆောင်၍ ယာယီပူးပေါင်းထားသော ဆောက်လုပ်ရေးအဖွဲ့က ပြောသည်။ အငြင်းပွားမှုကြောင့် ဆောက်လုပ်ရေးကို ဖေဖော်ဝါရီလတွင် ရက်သတ္တနှစ်ပတ်ရပ်နားခဲ့ရသည်။ ၎င်းပဏာမသဘောတူညီမှုရရှိပြီးနောက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် တတိယရေထိန်းတံခါးကို အပြီးသတ်နိုင်ရန် ရည်ရွယ်ခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းကို အရှိန်မြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။ ပနားမားတူးမြောင်းသည် အတ္တလန္တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာကို ဆက်သွယ်ထားပြီး ၎င်းတူးမြောင်းကို နှစ်စဉ် သင်္ဘော ၁၃၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိသည်။ တူးမြောင်းရာပြည့်ပွဲအခမ်းအနားကို ဩဂုတ်လတွင် ကျင်းပမည်ဖြစ်သည်။ **(ဘီဘီစီ)**

ကိုယ့်ကိုယ်ကိုယ်ကာကွယ်ပေးရန်အတွက် နျူကလီးယားဒြပ်မ်းခြောက်မှုများ ပိုမိုပြုလုပ်မည်ဟု မြောက်ကိုရီးယားပြော

ပြုံယမ်း မတ် ၁၅

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်ခြိမ်းခြောက်မှုအပေါ် ရင်ဆိုင်နိုင်ရေး နျူကလီးယားခြိမ်းခြောက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယား အမျိုးသားကော်မရှင်(အင်န်ဒီစီ)က ကြေညာလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံက မိမိကိုယ်ကိုယ် ကာကွယ်နိုင်ရေး ကြိုးပမ်းသည့်အနေဖြင့် နျူကလီးယားခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်သင့်ကြောင်း အင်န်ဒီစီသဘာပတိ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားလိုက်သည်ကို ပြုံယမ်းနိုင်ငံပိုင်မီဒီယာက သောကြာနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

အမေရိကန်အနေဖြင့် ခြိမ်းခြောက်မှု ပြုလုပ်လာမည်ဆိုလျှင် နျူကလီးယား ခြိမ်းခြောက်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အစီအမံများ ချမှတ်ထားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ မြောက်ကိုရီးယားရန်လိုမုန်းတီးရေးမူဝါဒကို ရုပ်သိမ်းသွားမည်ဆိုလျှင် မြောက်ကိုရီးယားကလည်း အလျှော့ပေးမည်ဖြစ်ကြောင်း အင်န်ဒီစီကြေညာချက်က ဝါရှင်တန်ကို တိုက်တွန်းလိုက်သည်။

မြောက်ကိုရီးယားက ကိုရီးယားကျွန်းဆွယ်အပေါ် နျူကလီးယားကင်းမဲ့ရေး ခြောက်ပါတီဆွေးနွေးပွဲ ပြန်လည်စတင်ရန် မျှော်မှန်းထားချိန် အဆိုပါ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော်လည်း ပြုံယမ်းအနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်ကို ပထမဦးဆုံးဖျက်ရမည်ဖြစ်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယား နိုင်ငံတို့က ပြောကြားသည်။

၂၀၁၃ ခုနှစ်က စေ့စပ်ဆွေးနွေးပွဲများစတင်ခဲ့သည်။ သို့သော်လည်း ပြုံယမ်းက နျူကလီးယားစမ်းသပ်မှုများအပေါ် ကုလသမဂ္ဂက အရေးယူပိတ်ဆို့ရန်စီစဉ်ခဲ့၍ ပြုံယမ်းတွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

(ပရက်စ်တီဗွီ)

သီရိလင်္ကာနိုင်ငံက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ ဆန်တန်ချိန် ၅၀၀၀၀ လှူဒါန်းမည်

ကိုလံဘို မတ် ၁၅

သီရိလင်္ကာနိုင်ငံသည် ပြည်တွင်း ပဋိပက္ခများ၊ ဆူနာမီနှင့် အခြားအမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များကြောင့် ပြောင်းရွှေ့နေထိုင်နေရသူများကို ကူညီထောက်ပံ့ရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)သို့ ဆန်တန်ချိန် ၅၀၀၀၀ လှူဒါန်းမည်ဖြစ်ကြောင်း အစိုးရက ပြောသည်။

သမ္မတ မဟိန္ဒာရာဂျာပတ်ဆာသည် ၂၀၁၄ ခုနှစ် ဘတ်ဂျက်တွင် ယခုကဲ့သို့ အဆိုပြုခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က လုပ်ဆောင်လျက်ရှိသော ကမ္ဘာတစ်ဝန်းရှိ အမှန်တကယ် အခက်အခဲနှင့် ရင်ဆိုင်နေရသူများကို ကူညီထောက်ပံ့ပေးရာတွင် ပါဝင်ကူညီပေးခြင်းဖြင့် (WFP) နှင့် ခိုင်မာသောဆက်ဆံရေးကိုမျှော်လင့်ကြောင်း ၎င်းကပြောသည်။

အစိုးရသည် ယခုကဲ့သို့ လှူဒါန်းရာတွင် ရူပီး သုံးဘီလီယံ(အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ သန်း)ကျော် သုံးစွဲမည်ဖြစ်ပြီး WFP ၏ ဒေသတွင်းလုပ်ငန်းများတွင် ဆန်တန်ချိန် ၁၀၀၀၀ နှင့် ၎င်း၏ အခြားအဖွဲ့ဝင် နိုင်ငံများအတွက် ဆန်တန်ချိန် ၄၀၀၀၀ လှူဒါန်းမည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် အများဆုံးစပါးထုတ်လုပ်မှုမှာ တန်ချိန် ၄ ဒသမ ၆ သန်းရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှတ်တမ်းများအရ သိရသည်။

သီရိလင်္ကာနိုင်ငံသည် WFP နှင့် ဆန်ကုန်သွယ်ဖက်နိုင်ငံဖြစ်လာမည်ဖြစ်ကာ အပြည့်အဝပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဈေးကွက်များတွင် နိုင်ငံ၏ပိုလျှံသောဆန်များ တင်ပို့နိုင်ရန်အတွက် လမ်းကြောင်းသစ်ပွင့်လာမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောသည်။ **(ဆင်ဟွာ)**

ဂျွန်ကယ်ရီအားလူသတ်ကောင်ဟုဆို

ကာရာကာ့စ် မတ် ၁၅

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဗင်နီဇွဲလားနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်အောင်လုပ်နေသည့်အတွက် လူသတ်ကောင်ဖြစ်နေကြောင်း ဗင်နီဇွဲလားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

"မစ္စတာကယ်ရီဟာ ဗင်နီဇွဲလားနိုင်ငံကို မငြိမ်မသက်ဖြစ်အောင် လုပ်နေတဲ့သူပါ။ ဗင်နီဇွဲလားနိုင်ငံအတွင်းအကြမ်းဖက်မှုများဖြစ်အောင် အားပေးအားမြှောက်လုပ်နေသူလည်းဖြစ်ပါတယ်။ ကျွန်ုပ်က သင့်အား ဗင်နီဇွဲလားပြည်သူတွေကို သတ်နေတဲ့လူသတ်ကောင်အဖြစ် မှတ်ယူပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီး အဲလီးယက်ဂျာအာက သောကြာနေ့က နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးပိုက်ထွေး မော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်နှင့် သတင်းဗျူရိုရုံးအဆောက်အအုံများ ဆောက်လုပ်မှုနှင့်မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရုံးများလှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးသည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် တည်ဆောက်လျက်ရှိသော မော်လမြိုင်ရောင်စုံကိုယ်ပွားသတင်းစာတိုက်နှင့် သတင်းဗျူရိုရုံးများကို မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သွားရောက်စစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထိုသို့စစ်ဆေးစဉ် မော်လမြိုင်နှင့် ဘားအံမြို့များရှိ မြန်မာ့အသံထပ်ဆင့် ရုပ်/သံလွှင့်စက်ရုံများသို့ သွားရောက်စစ်ဆေးခဲ့ပြီး ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်မှုနှင့်အတူ DVB-T2 Set Top Box များ ဖြန့်ဝေတပ်ဆင်လျက်ရှိရာ ရုပ်သံအရည်အသွေးပိုမိုကောင်းမွန်ကြည်လင်စွာဖြင့် ကြည့်ရှုနိုင်ရေး ပြည်သူအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးရန် မှာကြားခဲ့သည်။

ထို့နောက် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးများနှင့် ကျိုက်ထို၊ မုဒုံ၊ သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အများပြည်သူစိတ်ဝင်စားမည့် သတင်းအချက်အလက်နှင့် ဗဟုသုတများ မြန်ဆန်စွာ ဖြန့်ဝေပေးနိုင်ရေး၊ စာကြည့်တိုက်လုပ်ငန်းများနှင့် စာပေရေချမ်းစင်ထားရှိမှုများ ထိရောက်အောင် ဆောင်ရွက်ရေးမှာကြားခဲ့သည်။

ယင်းနောက် မော်လမြိုင်မြို့၌ အသစ်တည်ဆောက်လျက်ရှိသော ရောင်စုံကိုယ်ပွားသတင်းစာတိုက်နှင့် သတင်းဗျူရိုရုံး အဆောက်အအုံဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ချိန်ပြီးစီးအောင် ဆောက်လုပ်ရန်မှာကြားခဲ့သည်။

မော်လမြိုင်ရောင်စုံကိုယ်ပွားသတင်းစာတိုက်နှင့် သတင်းဗျူရိုရုံးအဆောက်အအုံများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ သတင်းအချက်အလက်များ အမြန်ဆုံးရရှိနိုင်ရန်နှင့် သတင်းအချက်အလက်ထုတ်လွှင့်ဖြန့်ချိမှုများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပေါင်းလပြည့်နေ့က နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ဝတ်အသင်းအဖွဲ့များက ဆီမီးထွန်းညှိပူဇော်စဉ်။ (သတင်းစဉ်)

တပေါင်းလပြည့်နေ့ နေပြည်တော်ရှိစေတီပုထိုးများ၌ အထူးစည်ကား

နေပြည်တော် မတ် ၁၅

ယနေ့သည်တပေါင်းလပြည့်နေ့အခါသမယဖြစ်သည်နှင့်အညီ နေပြည်တော်ရှိဘုရား၊ ပုထိုးစေတီတို့၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိရာ ကုသိုလ်ပုညပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ယနေ့နံနက်ပိုင်း၌ ဆဋ္ဌမအကြိမ် ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကိုစည်ကားသိုက်မြိုက်စွာကျင်းပပြီး ညနေပိုင်းတွင်ဘုရားရှင်အား ရည်မှန်း၍ ဥပ္ပါတသန္တိစေတီတော်အားဆီမီး ၁၀၀၀ ဖြင့်ထွန်းညှိပူဇော်ခြင်း၊ နေပြည်တော်ရှိ တပ်ရင်း/တပ်ဖွဲ့များမှဝတ်အသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓဒေသနာတော်များရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်း၍ ဒါန သီလ၊ ကုသိုလ်ပြုကြသူများ၊ ဝိပဿနာဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၌လည်း ပျဉ်းမနားမြို့ သံလမ်းကျောင်းတိုက်ဆရာတော်နှင့် ဘုရားပွဲတော်ကျင်းပရေးနာယကအဖွဲ့ဝင်ဆရာတော်ကြီးများကြီးမှူး၍ (၁၄၁) ကြိမ်မြောက် ဆုတောင်းပြည့်လောကမာရဇိန်ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို မတ် ၈ ရက် မှ ၂၂ ရက်အထိ ကျင်းပလျှက်ရှိရာ ကုသိုလ်ဘာဝနာပွားများကြသူများ၊ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုဇယဓာတ်ပေါင်း စုစေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ပျဉ်းမနားမြို့ရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီ၊ ကိုးခန်းကြီးဘုရားနှင့် စေတီပုထိုးများတွင် သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူသူများ၊ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ပြုကြသူများ၊ မိသားစု ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

အမြတ်ခွန်၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ကြွေးကျန်များ အပြေအကျေပေးသွင်းကြပါရန် အသိပေးနှိုးဆော်

နေပြည်တော် မတ် ၁၅

အမြတ်ခွန်၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့နှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် အခွန်ကြွေးကျန်များ ပေးသွင်းရန် ကျန်ရှိနေသော အခွန်ထမ်းပြည်သူများအနေဖြင့် ပေးသွင်းရန်ကျန်ရှိသည့် အခွန်ကြွေးကျန်များအားလုံးကို သတ်မှတ်ရက်အမီ ပေးသွင်းကြရန် ပြည်တွင်းအခွန်များဦးစီးဌာန ကုမ္ပဏီများဆိုင်ရာအခွန်ရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ နှိုးဆော်စာများထုတ်ဆင့်ထားပြီးဖြစ်ကြောင်း သိရသည်။

အသိပေးနှိုးဆော်

အခွန်ကြွေးကျန်ပေးဆောင်ရန် တာဝန်ရှိသူအခွန်ထမ်းများသည် ပေးသွင်းရမည့် အခွန်ကြွေးကျန်များကို မတ် ၃၁ ရက်နောက်ဆုံးထားပေးသွင်းကြရန်နှင့် သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

နိုင်ငံတကာပါလီမန်များ ညီလာခံသို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မတ် ၁၅

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးသည် မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ Centre International de Conferences de Geneve (CICG) ၌ကျင်းပမည့် အကြိမ် (၁၃၀)မြောက် နိုင်ငံတကာပါလီမန်များညီလာခံ (130th Assembly of the Inter-Parliamentary Union -IPU) နှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ပင်လုံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (ပင်လုံ)မှ အောက်ဖော်ပြပါ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	လုပ်ငန်းအမည်
၁။	ကွန်ကရစ်တိုင်၊ သွပ်နန်းကြိုးဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (ပေ ၄၆၀၀)

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - တင်ဒါခေါ်ယူသည့်ရက်မှစ၍
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၃-၂၀၁၄ ရက် မွန်းလွဲ ၂း၀၀ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ် (ပင်လုံ)၊ လှိုင်လင်မြို့
ဖုန်း-၀၈၁-၃၀၄၅၂၊ ၀၈၁-၃၀၅၈၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ ရှမ်းပြည်နယ်တွင် ရုံးအဆောက်အအုံအသေးစားပြင်ဆင်ခြင်း၊ အုတ်တံတိုင်းပြုပြင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာ အသေးစိတ်အချက်အလက်များကို ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ရှမ်းပြည်နယ်-တောင်ကြီးမြို့၊ ဒုတိယညွှန်ကြားရေးမှူးထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၅၃၇၉ သို့ ဆက်သွယ်၍စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** - ၁၇-၃-၂၀၁၄ ရက် (တနင်္လာနေ့) ၉း၃၀ နာရီ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၁-၃-၂၀၁၄ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၊ တောင်ကြီးမြို့

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဝါကျမှန်မှန်(၁)

မောင်ခင်မင်(ဓနုဖြူ)

ယနေ့ ကျွန်တော့်ဆီရောက်လာကြသူများမှာ သတင်းစာများ၊ ဂျာနယ်များကို ထုတ်လည်းထုတ်၊ ပါဝင်ပြီး ရေးလည်းရေးနေကြသော လူငယ်များဖြစ်သည်။ သူတို့နှင့်လေးငါးကြိမ်စကားဝိုင်းဖွဲ့ဖူးပါသည်။ သူတို့က စကားစသည်။

“ဆရာ့ဆီ မရောက်တာလည်းကြာ၊ မေးချင်တာလေးတွေလည်းရှိလို့ ချိန်းပြီးလာကြတာပါဆရာ”

“အေး-ဆရာကလည်း သားတို့သမီးတို့ မလာတာကြာလို့ သတိရနေတာပါ။ ကဲ-မေးချင်တာကလေးတွေဆိုတာက ဘာတွေပါလိမ့်”

“ဒီလိုပါဆရာ။ သားက သတင်းတို့၊ သတင်းဆောင်းပါးတို့၊ အင်တာဗျူးတို့ရေးရပါတယ်၊ အဲဒါတစ်ခါတစ်ခါကျတော့ ကိုယ်ရေးလိုက်တာ ထောင့်နေသလိုလို၊ အဓိပ္ပာယ်မပေါ်သလိုလို ထင်နေပါတယ်ဆရာ”

“ဟုတ်ပါတယ်ဆရာ။ သမီးလည်း အဲဒါမျိုးတွေရေးရတာပါပဲ။ ‘ငါရေးတဲ့စာက မှန်မှမှန်ရဲ့လား’လို့ တစ်ခါတစ်ခါ သံသယဖြစ်ပါတယ်ဆရာ”

“ဘယ်လိုရေးမိလို့လဲ သားတို့သမီးတို့ရဲ့။ ပြောပြပါဦး”

“သားက ပညာရေးဆွေးနွေးပွဲတစ်ခုကို ‘မန္တလေးတက္ကသိုလ်တွင် ပညာရေးအဆင့်မြှင့်တင်ရန်ဆွေးနွေး’လို့ခေါင်းစဉ်တပ်လိုက်တာ၊ အယ်ဒီတာချုပ်ကမေးတယ်ဆရာ။ မန္တလေးတက္ကသိုလ်မှာ ပညာရေးအဆင့်မြှင့်တာလား၊ ပညာရေးအဆင့်မြှင့်ဖို့ မန္တလေးတက္ကသိုလ်မှာဆွေးနွေးတာလားတဲ့”

“သားရေးတဲ့ခေါင်းစဉ်က အဓိပ္ပာယ်နှစ်မျိုးထွက်နေတယ်ထင်တယ်”

“ဟုတ်ပါတယ်။ ကျွန်တော်ရေးချင်တာက ပညာရေးအဆင့်မြှင့်ဖို့ မန္တလေးတက္ကသိုလ်မှာဆွေးနွေးတယ်လို့ရေးချင်တာပါ”

“ဒီလိုဆိုရင် ‘ပညာရေးအဆင့်မြှင့်တင်ရန် မန္တလေးတက္ကသိုလ်တွင် ဆွေးနွေး’လို့ရေးမှ သားရေးချင်တဲ့အဓိပ္ပာယ်တစ်မျိုးပဲ ထွက်မှာပေါ့ကွယ်”

“သမီးကတော့ ‘ရန်ကုန်တက္ကသိုလ်မှ ပါရဂူကျမ်းပြုသင်တန်းသားငါးဦးကို သုတေသနစာတမ်းဆုချီးမြှင့်သည်’လို့ရေးလိုက်တာပါ”

> **“စကားပြောရင်၊ စာရေးရင် စကားလုံးတွေနဲ့ ပြောရရေးရတာတော့ မှန်ပါတယ်။ ဒါပေမယ့် စကားလုံးတွေကို အစီအစဉ်မရှိဘဲ သုံးချင်သလို သုံးလို့တော့မရဘူးကွဲ့”**

“အေး. . . ဟုတ်ပြီ၊ ဒီတော့. . . ”

“ဒီတော့ ဂျာနယ်တိုက်က သမီးဆရာကမေးတယ်၊ သုတေသနစာတမ်းဆုကို ဘယ်သူကချီးမြှင့်တာလဲတဲ့၊ ချီးမြှင့်တဲ့သူ နာမည်ထည့်ရမှာပေါ့တဲ့၊ သမီးက ရန်ကုန်တက္ကသိုလ်က ချီးမြှင့်တာပါဆရာလို့လည်းပြောလိုက်ရော ဆရာက သမီးကိုဆူတော့တာပဲ။ ‘ရန်ကုန်တက္ကသိုလ်က ပါရဂူဘွဲ့ရသင်တန်းသားငါးဦးကို သုတေသနဆုချီးမြှင့်သည်’လို့ ရေးရင်ရှင်းနေတာကို ခု‘ရန်ကုန်တက္ကသိုလ်မှ’လို့ ရေးလိုက်တော့ ရန်ကုန်တက္ကသိုလ်က ဆုချီးမြှင့်တယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်တော့ဘဲ ဒီပါရဂူသင်တန်းသားတွေက ရန်ကုန်တက္ကသိုလ်က လူတွေဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားပြီး ချီးမြှင့်တဲ့သူ ပျောက်နေတာပေါ့တဲ့”

“ဒါ ခဏခဏမှားတဲ့ ‘မှ’နဲ့ ‘က’ ပြဿနာပေါ့ကွယ်။ ‘မှ’ နေရာမှာ ‘က’ လို့ ပြင်ရမှာပေါ့။ အဲ-ဒါထက်ပိုရှင်းအောင်ဆိုရင် ‘ပါရဂူဘွဲ့ရသင်တန်းသားငါးဦးကို ရန်ကုန်တက္ကသိုလ်က သုတေသနစာတမ်းဆုချီးမြှင့်သည်’လို့ နေရာအထားအသိုပါပြင်လိုက်ရင် ပိုရှင်းတာပေါ့ကွယ်”

“ဟုတ်ပါတယ်ဆရာ။ ‘မှ’သုံးတာ ဒီနေရာမှာ မှားမှန်းသိပေမယ့် အကျင့်ပါနေတော့ ခဏခဏသုံးမိတာပါဆရာ”

“ဆရာက သားတို့ သမီးတို့နဲ့ရော၊ ဒီ့ပြင်လူတွေနဲ့ရော စာအရေးအသားမှန်ကန်မှုအကြောင်းတော်တော်များများဆွေးနွေးပြီးပြီ။ စာလုံးပေါင်း သတ်ပုံမှန်ကန်ဖို့၊ အသုံးအနှုန်းမှန်ကန်ဖို့အကြောင်းတွေပေါ့။ ဆွေးနွေးစရာ တစ်ဆင့် ကျန်နေသေးတယ်ကွဲ့။ မှန်ကန်မှုနဲ့ပတ်သက်တဲ့ အရေးအကြီးဆုံး အဆင့်ဆိုပါတော့”

“ဘာအဆင့်ပါလဲဆရာ”

“တိကျမှန်ကန်မှုဆိုတဲ့ အဆင့်ပေါ့ကွယ်။ ခုန သားနဲ့သမီးပြောတဲ့ ပြဿနာတွေက တိကျမှန်ကန်မှုနဲ့ ဆိုင်တာပေါ့”

“ဟုတ်ကဲ့ ပြောပြပါဆရာ၊ သိချင်ပါတယ်”

“လူတစ်ယောက်နဲ့တစ်ယောက် စကားနဲ့ဖြစ်ဖြစ်၊ စာနဲ့ဖြစ်ဖြစ်ဆက်သွယ်တဲ့အခါ စကားလုံးတွေနဲ့ဆက်သွယ်တာလား၊ ဝါကျတွေနဲ့ဆက်သွယ်တာလား၊ ဖြေကြည့်ကြပါ”

“အဲ. . သမီးက စကားလုံးတွေနဲ့ ဆက်သွယ်တယ်လို့ထင်ပါတယ်”

“သားကတော့ ဝါကျတွေနဲ့ဆက်သွယ်တယ်လို့ ထင်ပါတယ်ဆရာ”

“သားရောသမီးရော သေသေချာချာမစဉ်းစားဘဲ ပြောတာထင်တယ်။ စကားပြောရင်၊ စာရေးရင် စကားလုံးတွေနဲ့ ပြောရရေးရတာတော့ မှန်ပါတယ်။ ဒါပေမယ့် စကားလုံးတွေကို အစီအစဉ်မရှိဘဲ သုံးချင်သလို သုံးလို့တော့ မရဘူးကွဲ့”

“ဟုတ်ကဲ့”

“ဆိုပါတော့။ ဆရာက ‘ဖတ်၊ ကျွန်တော်၊ တယ်၊ သတင်းစာ၊ စား၊ ထမင်း၊ တော့၊ ပြီး’လို့ စကားလုံးတွေတစ်လုံးစီတန်းစီပြီး ပြောတာကို ဘာနားလည်ကြသလဲ”

“နားမလည်ပါဘူးဆရာ”

“အဲဒီစကားလုံးတွေကိုပဲ မြန်မာဝါကျဖွဲ့ပုံစည်းကမ်းအတိုင်း စီစဉ်ပြီး ပြောရင်တော့ ‘ကျွန်တော် ထမင်းစားပြီးတော့ သတင်းစာဖတ်တယ်’ ဆိုတဲ့ ဝါကျတစ်ခုဖြစ်သွားတယ်မဟုတ်လား။ သားတို့ သမီးတို့လည်း အဓိပ္ပာယ် နားလည်တယ် မဟုတ်လား”

“နားလည်ပါတယ်ဆရာ”

“ဒီတော့ လူတစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရာမှာ စကားပဲပြောပြော၊ စာပဲရေးရေး၊ စကားလုံးနဲ့ချည်း ဆက်သွယ်လို့မရဘူး၊ စကားလုံးတွေကို ဝါကျဖွဲ့ပြီးပြောမှ၊ ရေးမှ တစ်ယောက်ဆိုလိုတာ တစ်ယောက်နားလည်နိုင်တယ်ဆိုတာ ထင်ရှားတာပေါ့”

“ဟုတ်ပါတယ်ဆရာ”

“ဒီတော့ စကားပြောရင်၊ စာရေးရင် အနည်းဆုံးဝါကျတစ်ခုဆုံးအောင် ပြောမှ ရေးမှ ဆိုလိုတဲ့ အဓိပ္ပာယ်ပေါ်လာမှာလေ”

“သာဓကလေးတစ်ခုလောက် ပြပါဦးဆရာ”

“ကဲ. . ဆရာကပြောမယ်။ ‘ဒီမနက် ဆရာအိမ်ရှေ့မှာ. . ’လို့ ပြောပြီး ရပ်ထားရင် အဓိပ္ပာယ်ကို ဘယ်လို နားလည်သလဲ”

“နားမလည်ပါဘူးဆရာ”

“ဘာဖြစ်လို့ နားမလည်တာပါလိမ့်”

“ဝါကျတစ်ခု မဆုံးလို့ပါဆရာ”

“အေး. . . ဟုတ်တယ်။ ဝါကျမဆုံးမချင်းအဓိပ္ပာယ်မပေါ်ဘူးနော်၊ ‘ဒီမနက် ဆရာအိမ်ရှေ့မှာ လမ်းလျှောက်တယ်’၊ ဒါမှမဟုတ် ‘ဒီမနက် ဆရာအိမ်ရှေ့မှာ သူငယ်ချင်းနဲ့တွေ့တယ်’ ဆိုတာမျိုး ဝါကျတစ်ခု ဆုံးအောင်ပြောမှ အဓိပ္ပာယ်ပေါ်တာပေါ့ကွယ်”

“နားလည်ပါပြီဆရာ”

“ဆက်ပြောရဦးမယ်။ ဘာသာစကားတစ်ခုကို ပြောတတ်ရေးတတ်ဖို့ စကားလုံးတွေချည်းအဓိပ္ပာယ်သိနေရုံနဲ့မရဘူး။ အဲဒီစကားလုံးတွေကို ဝါကျဖွဲ့ပြီး ပြောတတ်ရေးတတ်မှ အဲဒီဘာသာစကားကိုတတ်တယ်လို့ဆိုနိုင်မှာပေါ့ကွယ်”

“ဟုတ်ကဲ့ဆရာ”

“အထူးသဖြင့် နိုင်ငံခြားဘာသာတစ်ခုကို သင်တဲ့အခါ ဒီအချက်ဟာ ပိုပြီး ထင်ရှားတယ်လေ။ အင်္ဂလိပ်စကားပြောတတ်အောင်၊ အင်္ဂလိပ်စာရေးတတ်အောင် အဘိဓာန်ထဲက အင်္ဂလိပ်စကားလုံးတွေ အလွတ်ကျက်တဲ့ လူမျိုးတွေရှိတယ်။ တချို့ဆို စကားလုံးထောင်ချီပြီး အလွတ်ရတယ်။ အဓိပ္ပာယ်လည်းသိတယ်။ ဒါပေမယ့် အဲဒီစကားလုံးတွေကို ဝါကျဖြစ်အောင် ဖွဲ့ပြီး မပြောတတ်၊ မရေးတတ်ရင် သူ့ကို အဲဒီဘာသာစကားတတ်တယ်လို့ ဘယ်ပြောနိုင်မှာလဲ”

“ဟုတ်တယ်နော် ဆရာ။ သမီးတို့ အင်္ဂလိပ်စာသင်တာ စကားလုံးတွေ တော်တော်များများ သိပေမယ့် ဝါကျဖွဲ့ပြီး မပြောနိုင် မရေးနိုင်တာများပါတယ်”

“ဒါကြောင့် ဝါကျဟာတစ်ယောက်နဲ့တစ်ယောက်ဆက်သွယ်တဲ့ အခြေခံယူနစ်ပဲလို့ ဘာသာစကားပညာရှင်တွေက ပြောကြတယ်ကွဲ့”

“ဟုတ်ကဲ့ပါဆရာ”

“ဒီတော့ စကားပြန်ဆက်ရရင် စာရေးရာမှာ စာလုံးပေါင်းသတ်ပုံမှန်ဖို့၊ အသုံးအနှုန်းမှန်ဖို့အပြင် ဝါကျမှန်ဖို့လည်းအရေးကြီးတယ်လို့နားလည်နိုင်ပါတယ်။ တကယ်တော့ ဝါကျမှန်မှန်ရေးတတ်ဖို့ဆိုတာ ဘာမှမခက်ဘူးကွဲ့”

“ဟုတ်ရဲ့လားဆရာ”

“ဟုတ်ပါတယ်ကွယ်။ ဆရာပြောချင်တာက သားတို့စာရေးရင် နေ့တိုင်းပုံမှန်စကားပြောနေကျ ဝါကျအသွားအလာအတိုင်းသာရေး၊ အဲဒီဝါကျဟာ မှားစရာအကြောင်းမရှိဘူး”

“သမီး. . . သိပ်နားမလည်ပါဘူးဆရာ”

“ဒီလိုလေ။ စောစောက သမီးတို့ချင်း ပြောနေတာကြားလိုက်တယ်၊ သမီးဖေဖေ မနက်ဖြန် ဘယ်ကို ဘာနဲ့ သွားမယ်ဆိုလား”

“ဩော်-ဖေဖေ မနက်ဖြန် မန္တလေးကို လေယာဉ်နဲ့သွားမယ်လို့ပြောတာပါဆရာ”

“အေး-ခုပြောတဲ့ အစီအစဉ်အတိုင်း‘ဖေဖေ မနက်ဖြန် မန္တလေးကို လေယာဉ်နဲ့ သွားမယ်”လို့ ပြောတဲ့ဝါကျဟာ အစီအစဉ်ကျတဲ့ဝါကျပဲလေ။ မှန်တဲ့ ဝါကျပေါ့”

“ဟုတ်တယ်နော်ဆရာ”

“ဒီဝါကျက အပြောအတိုင်းရေးတာလေ။ အဲဒီဝါကျကို စာစကားနဲ့ပြောင်းရေးရင် ဘယ်လိုရေးမလဲကွယ်”

“ဖေဖေ မနက်ဖြန် မန္တလေးသို့ လေယာဉ်ဖြင့်သွားမည်ပေါ့ ဆရာ”

“အေးပေါ့၊ ပုံမှန်ပြောနေကျ ဝါကျအစီအစဉ်အတိုင်း အပြောလိုရေးရေး စာလိုရေးရေး အဲဒီဝါကျဟာမှန်တာပဲလေ။ အဲ ‘ဖေဖေသည် မနက်ဖြန်တွင် မန္တလေးသို့ လေယာဉ်ဖြင့်သွားမည်’ ဆိုပြီး ‘သည်’တို့၊ ‘တွင်’တို့ ထည့်ရေးလို့လည်း ရပါတယ်။ အပြောမှာလည်း ‘ဖေဖေဟာ မနက်ဖြန်မှာ မန္တလေးကို လေယာဉ်နဲ့သွားပါမယ်’ လို့ ရေးလည်း ဒီအစီအစဉ်အတိုင်းပါပဲ”

“ဟုတ်တယ်နော်ဆရာ”

“ဒါကြောင့် သားရောသမီးရော ကိုယ့်မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာစကားရဲ့ ဝါကျဖွဲ့ပုံကို စကားပြောတတ်ကတည်းက တတ်ပြီးသားပါ၊ ဘာမှ မခက်ပါဘူးလို့ ပြောတာပါ။ ကဲ. . နောက်တစ်ခါမှဆက်ပြောကြတာပေါ့”

ထိုင်းနိုင်ငံဘုရားဖူးအဖွဲ့ ဓမ္မဂမ္ဘီရလိုဏ်ဂူလေ့လာ

မိုင်းလင်း မတ် ၁၅

မိုင်းလင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိမလ ကြီးမှူးဆောင်ရွက်လျက်ရှိသော မိုင်းယောင်းမြို့နယ်ရှိ ဓမ္မဂမ္ဘီရလိုဏ်ဂူတော်ကြီးအား ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဘာသာရေးနှင့်လူမှုရေးအဖွဲ့အစည်းများမှ သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဘက်စုံမွမ်းမံတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်က ထိုင်းနိုင်ငံ Maekhong Delta Travel ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသား ဘုရားဖူးဧည့်သည် ၁၇ ဦးက လာရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုဏ်ဂူတော်ကြီး၏ သမိုင်းကြောင်းနှင့် ဘက်စုံမွမ်းမံမှုလုပ်ငန်းရပ်များကို ရှင်းလင်းပြသခဲ့ပြီး ထိုင်းဘုရားဖူးအဖွဲ့မှ လိုဏ်ဂူတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(အပေါ်ပုံ)** **မောင်ယဉ်ကျေး**

ရေစကြိုမြို့နယ်အတွက် DFAC မီးငြိမ်းသတ်ယာဉ်တစ်စီးရရှိ

ရေစကြို မတ် ၁၅

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ နိုင်ငံတော်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ငြိမ်းသတ်ရေးအတွက် မီးသတ်ယာဉ်များကို ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေချထားပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်အတွက် မီးသတ်ယာဉ်အစီး ၂၀ ချထားပေးခဲ့ရာ အဆိုပါ မီးသတ်ယာဉ်များကို မြို့နယ်များသို့လွှဲပြောင်းပေးအပ်ပွဲကို မတ် ၁၂ ရက် နံနက်က တိုင်းဒေသကြီးအားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် အစိုးရအဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်များမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများထံ မီးသတ်ယာဉ်နှင့်အတူ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးသတ်ယာဉ်များ မတ် ၁၂ ရက် ညနေ ၅ နာရီက ရေစကြိုမြို့သို့ ရောက်ရှိလာရာ ပြည်သူများက ကြိုဆိုခဲ့ကြပြီး အထက(၁)ကျောင်းဝင်းအတွင်း၌ မီးသတ်ယာဉ်၏စက်စွမ်းအားနှင့် ရေပက်သရုပ်ပြသခဲ့ကြောင်းသိရသည်။

(အောက်ပုံ) ဖေထွဏ်းဇော်(ရေစကြို)

WiFi ဖြင့် အင်တာနက် အခမဲ့အသုံးပြုနိုင်

ဘားအံ မတ် ၁၅

ဘားအံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တွင် WiFi ဖြင့် အင်တာနက်အခမဲ့အသုံးပြုနိုင်သည်ဟူသော ဆိုင်းဘုတ်ကို တွေ့မြင်ရသည်။ “WiFi ကို ၂၄ နာရီ ပိတ်ရက်မရှိ အခမဲ့ဖွင့်ထားပါတယ်။ အသုံးပြုသူတွေအနေနဲ့ အဆင်ပြေအောင်ရုံးထဲမှာ နေရာပြင်ဆင်ပေးထားပြီးတော့ မိမိကိုယ်ပိုင်ဖုန်းနဲ့ပဲဖြစ်ဖြစ်၊ Laptop နဲ့ဖြစ်ဖြစ် အင်တာနက်ချိတ်ဆက်လို့ရပါတယ်။ အများအားဖြင့်ဖုန်းကိုအသုံးပြုတယ်”ဟု ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီလွင်က ပြောသည်။

လူငယ်အများစုမှာ မိမိကိုယ်ပိုင်ဖုန်းဖြင့် လာရောက်ချိတ်ဆက်အသုံးပြုသည်ကိုတွေ့ရပြီး “ကျွန်တော်ကတော့ ဒီနေရာကို အမြဲလာပြီး အင်တာနက်သုံးတယ်၊ ဖုန်းပဲရှိတော့ ဖုန်းကိုအသုံးပြုတယ်၊ ရုံးပတ်လည်မှာ လိုင်းမိလို့ အပြင်ကနေပဲအသုံးပြုတယ်”ဟု အင်တာနက်အသုံးပြုသူ လူငယ်တစ်ဦးက ပြောသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် WiFi ဖြင့် အင်တာနက် အခမဲ့ ဝန်ဆောင်မှုပေးလျက်ရှိကြောင်းသိရသည်။ **ကိုတီ(iprd)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ဘဒ္ဒန္တကေသရနှင့် မအူပင်မြို့ ဓမ္မာရုံရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအနမိဝရတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မသာရနှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်း/တောင်ရပ်ကွက် မဟာဝိဇယံသီ စလေကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိဇယတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ မြဝတီရပ်ကွက် အုတ်ကန်တောရ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ၊ မြစ်သားမြို့ မြို့မအရှေ့ရပ်ကွက် မြို့ဦးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တရေဝတနှင့် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် မဟာဝိဇယာရာမပါဠိတက္ကသိုလ် အရှေ့တိုက်ဆရာတော် ဘဒ္ဒန္တနာယကတို့အား လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကော့ကရိတ်မြို့နယ် ကော့ပေါက်စံပြကျေးရွာ ကော့ပေါက်ရွှေကျောင်းဆရာတော်ဘဒ္ဒန္တဝဏ္ဏ၊ ကံမမြို့နယ် အင်ဘက်တောကျေးရွာ အင်ဘက်တောကျောင်းဆရာတော် ဘဒ္ဒန္တစိတြညာဏနှင့် ရေတာရှည်မြို့နယ် ချုံအင်းကျေးရွာ သိရိမင်္ဂလာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသြဘာသတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပခုက္ကူမြို့မဟာဝိသုတာရာမအလယ်တိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတ၊ ကျောက်ဆည်မြို့ မဟာရွှေစေတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလာဘိဝံသနှင့် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ တို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ပွင့်ဖြူမြို့နယ် ရွာသာကျေးရွာ ရွာသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ ရေဦးမြို့ မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမညာဏာဘိဝံသနှင့် ရေကြည်မြို့နယ် ချင်းကုန်းကျေးရွာ ဓမ္မသိပ္ပံရွှေကြို့ပင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကောသလ္လတို့အား လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရွှေကူမြို့ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနာဂိန္ဒ၊ မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော်ဘဒ္ဒန္တဇောတိကနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဓမ္မာဘိဝံသတို့အား လည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ စဉ့်ကိုင်မြို့ ရွှေကျီးနားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လ၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကနှင့် ဒီမော့ဆိုမြို့နယ် ဒေါ့တပူးကျေးရွာ ကံခုနစ်ဆင့်ဒေါ့တပူးထေရဝါဒ သာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တဇနိန္ဒာဒိပတိတို့အား လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနေမိန္ဒ၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယနှင့် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကေတုမာလာတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ကမ္မဋ္ဌာနာစရိယနှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များရရှိကြသည့် ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်က သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများဖြစ်ကြသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ ဧသုဝတီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ပုညဝတီ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ နတ်တလင်းမြို့ မဟာစည်သာသနာ့ရိပ်သာ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်စန္ဒာသီရိနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်စာသင်ကျောင်း သီလရှင်ဆရာကြီး ဒေါ်ဇဝနစာရီ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လွိုင်ကော်မြို့ မဟာပုညကာရီ သီလရှင်သင်(အမျိုးသမီးပညာရေးမှုလွန်ကျောင်း) သီလရှင်ဆရာကြီး ဒေါ်မာလာရီ၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကလေးမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင် ပရိယတ္တိစာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်စန္ဒာသီရိ၊ ပြည်ထောင်စုလွှတ်တော်နာယက၏ဇနီး ဒေါ်ခင်လေးသက်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပြည်ကြီးတံခွန်မြို့နယ် မြဝတီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဝိစိတ္တနှင့် ပခုက္ကူမြို့ သီတာဧပရိယတ္တိစာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်စန္ဒကလျာ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ထားဝယ်မြို့ တိုင်းရင်းသားမိဘမဲ့ သီလရှင်သင်(အမျိုးသမီးပညာရေးကျောင်း) သီလရှင်ဆရာကြီး ဒေါ်စန္ဒသိင်္ဂီနှင့် မင်္ဂလာဒုံမြို့နယ် သန္တိသုခသီလရှင်စာသင်တိုက်နှင့် သီလရှင်ပညာရေးကျောင်း သီလရှင်ဆရာကြီး ဒေါ်သီရိစန္ဒာတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော် ရရှိကြသူများအား ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ပေးအပ်ကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက်နေ ဦးတင်ရွှေနှင့် သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက်နေ ဦးသန်းထွန်းတို့အား

စာမျက်နှာ ၈ သို့

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရရှိသည့် အောင်မြေသာစံမြို့နယ်နေ ဦးကျော်စွာဝင်း(ခ) ဦးမြကျော်စွာဝင်းနှင့် ရန်ကင်းမြို့နယ် (၁၅) ရပ်ကွက်နေ ဦးရွှေသိုင်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းက သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရရှိသည့် ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက်မှ ဦးအောင်ကြီးနှင့် ဗဟန်းမြို့နယ် ဗိုလ်ချို(၂) ရပ်ကွက်မှ ဒေါက်တာဦးရဲအောင်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ဟတ်ဟင်ကျေးရွာနေ ဦးစိုင်းအုန်းခင်နှင့် မြောင်းမြမြို့ မြစန္ဒာရပ်ကွက်နေ ဦးငွေးမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် တရုတ်တိုင်ပေမှ မစ္စတာလျူဝေချွန် (Mr.Liu Wei Chun) နှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဝေဘာဝတီလမ်းနေ ဒေါက်တာအာပီနက်ကီတစ်တန့်တို့အား ဘွဲ့တံဆိပ်တော်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က အဂ္ဂမဟာ သိရီသုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရ အောင်မြေသာစံမြို့နယ် ဆိုင်းတန်းရပ်နေ ဒေါ်ခင်လှနှင့် မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက်နေ ဒေါ်ခင်ကြည်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က သိရီသုဓမ္မသီဂီ ဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက်နေ ဒေါ်မာမာနှင့် သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရ ရွှေဘိုမြို့ ကျိုကုန်းရပ်ကွက်နေ ဒေါ်နွဲ့နွဲ့၊ ပြည်ထောင်စုလွှတ်တော်နာယက၏ဇနီးက သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ဒေါ်မြမြဝင်းနှင့် မဟာအောင်မြေမြို့နယ် ဟေမာလာတောင် ရပ်ကွက်နေ ဒေါ်ချောချော(ခ)ဒေါ်အေးချောတို့အား ဘွဲ့တံဆိပ်တော်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်

တို့ကလည်း
တော် ရရှိသူ
တော်များကို
ယင်းနေ
မဟာနာယက
မြို့ ဓမ္မပါရဂူ
တိုက် ပဓာ
အဂ္ဂမဟာပဏ္ဍိ
လက်ာရထံမှ
ပြုသောပရိသ
တရားနာယူကြ
အတွက် ရေစ
ကြသည်။

အခမ်းအ
ဆန်စိမ်းလော
ကျင်းပရာ
ဦးသိန်းစိန်နှင့်
တို့နှင့်အတူ
ပြည်ထောင်စု
ပြည်ထောင်စုလွှ
တရားလွှတ်
ကာကွယ်ရေးဦ
ဖွဲ့စည်းပုံအခြေ
ပြည်ထောင်စု
ရုံး၊ ပြည်ထေ
ပြည်ထောင်စု
ပြည်ထောင်စု
ပြည်ထောင်စု
မြန်မာနိုင်ငံ
နေပြည်တော်
အကဲများနှင့်
နေပြည်တော်
မြို့နယ်များမှ
အသင်းအဖွဲ့ဝ
အလှူရှင်ပြည်
တော်ရ ဆ
သီလရှင်ဆရာ
သန္တိစေတီတေ
ပတ်လမ်းတစ်
စိမ်းနှင့်လှူဖွယ်
ကြည်ဖြူစွာဖြင့်
သည်။

ယခုကျင်း
မှာ ပြည်ထေ
တော် နိုင်
မြတ်စွာနှင့်
အစိုးရတို့၏
လိုက်နာကျင့်သ
တော်၌ ပရိယ
တာဝန်များကို
စွာ ရွက်
ပြည်တွင်းပြည်
သံဃာတော်မျ
သီလရှင်ဆရာ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် အဂ္ဂမဟာသိရီသုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မ
ဇနီး ဒေါ်ကြ
တံဆိပ်တော်န

တို့ကလည်း သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော် ရရှိသူများအား ဘွဲ့တံဆိပ်တော်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသောပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီ နယ်မြေရှိမြို့နယ်များမှ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော် အဝင်လမ်းနှင့် ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယခုကျင်းပသည့် အခမ်းအနားမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းအစိုးရတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ရွက်ဆောင်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာလှူဒါန်းထောက်ပံ့ ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းဖြစ်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းရာတွင် မြန်မာ့သာသနာသမိုင်း၌ ပုဂံခေတ်မှ အစပြု၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်သို့တိုင်ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော ရှေးမြန်မာမင်းများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခ၊ သိရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိအစရှိသည့် ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ စသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထူးခြားထင်ရှားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အင်္ဂလိပ်အစိုးရလက်ထက်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တစ်မျိုးတည်းကိုသာ ဆက်ကပ်ခဲ့ပြီး အဆိုပါဘွဲ့ကို မုံရွာမြို့လယ်တီဆရာတော်ကြီးက ပထမဆုံးရရှိတော်မူခဲ့သည်။

လွတ်လပ်ပြီးခေတ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သာမက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုပါ ဆက်ကပ်ခဲ့ကြသည်။

တပ်မတော်အစိုးရ လက်ထက်တွင် ယခင်ဆက်ကပ်ခဲ့သည့် ဘွဲ့တံဆိပ်တော်နှစ်မျိုးအပြင် သာသနာပြုရဟန်းတော်ဘွဲ့လေးမျိုး၊ ကမ္မဋ္ဌာန်းဘွဲ့သုံးမျိုး၊ ဓမ္မကထိကဘွဲ့ နှစ်မျိုး၊ စာချဘွဲ့သုံးမျိုး၊ လူပုဂ္ဂိုလ်သာသနာပြုဘွဲ့ (အမျိုးသား)လေးမျိုးနှင့် လူပုဂ္ဂိုလ်သာသနာပြုဘွဲ့ (အမျိုးသမီး)လေးမျိုး စုစုပေါင်း ဘွဲ့တံဆိပ်တော် ၂၂ မျိုးကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ကြသည်။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရာတွင် အင်္ဂလိပ်အစိုးရလက်ထက်က ဘွဲ့ခံဆရာတော်ကြီးများ၏ကျောင်းတိုက်သို့သာ သွားရောက်ဆက်ကပ်ခဲ့ပြီး လွတ်လပ်ပြီးခေတ်တွင် နိုင်ငံတော် သမ္မတအိမ်တော်၌ ဆက်ကပ်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိသည့် ဦးသန်းထွန်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၁၉၈၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ကို စတင်ကျင်းပခဲ့ပြီး အဆိုပါနေရာ၌ပင် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆက်လက်ကျင်းပ

ထို့နောက် ၂၀၀၉ ခုနှစ်မှစတင်၍ နေပြည်တော်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အစဉ်အလာမပျက် ဆက်လက်ကျင်းပခဲ့သည်။

ယခုကျင်းပသည့် အခမ်းအနားတွင် ပြည်တွင်းဘွဲ့ခံဆရာတော် ၁၀၈ ပါး၊ ပြည်ပဘွဲ့ခံဆရာတော် ၁၅ ပါး စုစုပေါင်းဆရာတော် ၁၂၃ ပါး၊ သီလရှင် ဆရာကြီး ကိုးပါး၊ လူပုဂ္ဂိုလ် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၃ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ဦးရွှေသိုင်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညွန့်ထွန်း သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ဦးအောင်ကြီးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ဦးစိုင်းအုန်းခင်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် တရုတ်တိုင်ပေမှ မစ္စတာ လျူဝေချွန်အားဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)





ပြည်တွင်းသတင်း

❊ ကျောဖုံးမှ

အထူးသဖြင့် ရေလမ်းခရီးကို ကြောက်သော အထက်အညာဒေသ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းဒေသတို့မှ ဘုရားဖူးများက ပုသိမ်-မော်တင်စွန်းကားလမ်းမှ လာရောက်ဖူးမြော်ကြသလို ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဘုရားဖူးများက ပုသိမ်မှတစ်ဆင့် ရေလမ်းခရီး ရှပ်ပြေးယာဉ်များဖြင့် သွားရောက်ဖူးမြော်ကြသည်။

ဖူးမြော်လျက်ရှိ

မော်တင်စွန်း ဘုရားပွဲကို နာဂစ်မုန်တိုင်း ပြီးကတည်းက ရေလမ်းခရီးဆို ကြောက်နေကြသည့် ဟိုင်းကြီးကျွန်း တစ်ကျွန်းလုံးက ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်ပြီး ကားကူးခွင့်ပြုထားသည့် ဟိုင်းကြီးကျွန်းတံတားပေါ်မှ ကားဖြင့်ကူး၍ လာရောက်ဖူးမြော်လျက်ရှိကြောင်းလည်း သိရသည်။

ယခုနှစ်ဘုရားပွဲတွင် ဘုရားဖူးများများပြားသောကြောင့် ဘုရားကြီးတည်ရှိရာ တောင်တန်းပေါ်နှင့်ရင်ပြင်တော်ပေါ်၌ ညအိပ်လာရောက်ဖူးမြော်ကြသော ရပ်ဝေးခရီးသည်များဖြင့် ပြည့်လျက်ရှိသလို ပုသိမ်-မော်တင်စွန်းကားလမ်းဘေး မော်တင်စွန်းဘုရားအနီး ယခုနှစ်မှတည်ဆောက်ဖွင့်လှစ်ခဲ့ကြသည့် ပုဂ္ဂလိကတည်းခိုခန်းနှင့်ဟိုတယ်များ၌လည်း တည်းခိုသူများဖြင့် အားဖြစ်ခဲ့ရသည်ဆို၏။

ကြိတ်ကြိတ်တိုးစည်ကား

ထို့အပြင် မော်တင်စွန်းတောင်ပေါ်မြတ်မော်တင်စွန်းဘုရားကြီးနှင့် မနီးမဝေး ပင်လယ်ဘက်တောင်စွန်းပေါ်၌ ယခုနှစ်လာရောက်တည်ဆောက်ပြီး ဘုရားပွဲအမီ အနေကဇာတင် ဖူးမြော်ခွင့်ပေးခဲ့သော အမြင့် ၂၇ပေ၊ လုံးပတ်တော် ၁၅ ပေရှိ နဂါးရုံဘုရား၌လည်း ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ဝင်းစိန်တောရဆရာတော်အား ထပ်ဆင့်ပူဇော်

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က "အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်ဆက်ကပ်ချီးမြှင့်တော်မူပြီးသော မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ(ကျောက်တစ်လုံး) ဝင်းစိန်တောရကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကေသရအား တပည့်ဒါယကာ ဒါယိကာမများနှင့် မုဒုံမြို့နယ်အသင်း(ရန်ကုန်)မိသားစုဝင်များ၏ ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို ဧပြီ ၆ ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၇ ရက်) (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဝင်းစိန်တောရ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီး တပည့်ဒါယကာ ဒါယိကာမများနှင့် မုဒုံမြို့နယ်အသင်း (ရန်ကုန်)မိသားစုဝင်များ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြကြောင်း သိရသည်။ **ကိုချစ်**

ပြည်တွင်းပြည်ပသတင်း

ရွှေတိဂုံစေတီတော် ၂၆၀၂ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချ အနုမောဒနာ အခမ်းအနားကျင်းပ



တပေါင်းလပြည့်နေ့ က ရွှေတိဂုံ စေတီတော် ရင်ပြင်ပေါ်၌ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကား များပြားနေသည်ကိုတွေ့ရစဉ်။

ရန်ကုန် မတ် ၁၅

ရွှေတိဂုံစေတီတော် ၂၆၀၂ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ရေစက်ချအနုမောဒနာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် အလှည့်ကျ သဘာပတိဂေါပက အဖွဲ့ဝင် ဦးစံလင်းက ဗုဒ္ဓပူဇနိယမင်္ဂလာ အနုမောဒနာ စာတမ်း ဖတ်ကြားပြီး စေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ နိုင်ငံတော် သြဝါဒါစရိယ လှိုင်သာယာမြို့နယ် မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တကေသရ အဘိဇမဟာရဋ္ဌဂုရုထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကာ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ နံနက် ၅ နာရီကလည်း ဆွမ်းတော်ကြီး ဆက်ကပ် လှူဒါန်းပွဲကျင်းပခဲ့သည်။

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော် (၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အဆိုပါစေတီတော်၌ ယနေ့ ကျင်းပရာ အနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်းနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းများ ပြုကြသည်။ သိရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး ဘုရားဖူးလာ ပြည်သူများအား စတုဒိသာ အကျွေးအမွေးတို့ဖြင့်လည်း လှူဒါန်းကြသည်။

သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ နံနက်ပိုင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ကို ဂေါပကအဖွဲ့က ကြီးမှူး၍ ဝတ်အသင်းအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

မြောက်ဥက္ကလာပမြို့နယ်ရှိ ဆုတောင်းပြည့်မယ်လမုစေတီတော်နှင့် မဟာကျိန်သစ္စာရှင်ဘုရားတို့ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရားပုထိုးများ၌ ဘုရားဖူးလာပြည်သူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

တပေါင်းလသည် ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေသော လဖြစ်သည်။ ဆောင်းရာသီ ဆုတ်ခွာလျက် နွေရာသီဝင်လုမည့် အချိန်အခါဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ "နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း" ဟု ဆိုစမှတ်ပြုကြသည်။

တပေါင်းဟူသော အမည်သည် ထန်းပင်ကို အကြောင်းပြု၍ ပေါ်လာသည်ဟုလည်း ဆိုကြသည်။ ဤရာသီတွင် ထန်းရည်များကို ပေါင်းစပ်ကျိုချက်ကြ၏။ "ထန်းပေါင်း"ဟု ခေါ်ဆိုရာမှ "တပေါင်း" သို့ ရွေ့လျားခဲ့သည်ဟု သိရသည်။

တပေါင်းလအခါ၌ မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများတွင် ဘုရားပွဲတော်များကို ကျင်းပကြသည်။ ရှေးအခါကာလ တပေါင်းလ ဘုရားပွဲသည် သဲပုံစေတီတည်ထားကိုးကွယ်ခြင်းမှ အစပြုသည်ဟု ဆိုကြသည်။ သာကီဝင်မင်းမျိုးရဟန္တာဖြစ်မှု တစ်သောင်းပြည့်သောနေ့၊ ဖွားဖက်တော် ကာဠုဒါယီမထေရ်မြတ်ရဟန္တာဖြစ်သောနေ့တို့သည် တပေါင်းလပြည့်နေ့နှင့် တပေါင်းလ၏ ထူးခြားသော ဖြစ်စဉ်များဖြစ်သည်။

ထို့ပြင် တပေါင်းလပြည့်ကျော်(၁)ရက်နေ့တွင် ဗုဒ္ဓမြတ်စွာသည် မာဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပိလဝတ်မြို့သား သံဃာ တစ်သောင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ဖခမည်းတော်စံမြန်းရာ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူခဲ့သည်။ ယင်းကဲ့သို့ ထူးမြတ်သော တပေါင်းလပြည့်နေ့၌ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဥပုသ်သီလ စောင့်ထိန်းပွားများအားထုတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

ပျောက်ဆုံးလေယာဉ်မှာပြန်ပေးဆွဲခံရဖွယ်ရှိကြောင်း မလေးရှားဝန်ကြီးချုပ်ပြောကြား

ကွာလာလမ်ပူ မတ် ၁၅

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် နာဂျစ်တွန်ရာဇက်က မတ် ၁၅ ရက် မလေးရှားစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် KLIA အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ Sama-Sama ဟိုတယ်၌ မလေးရှားလေကြောင်းလိုင်း MH370 ခရီးသည် မိသားစုများနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း မလေးရှား သတင်းအရင်းအမြစ်မှ ဆက်သွယ်ပြောကြားချက် အရ သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ လုံခြုံရေးကြောင့် မီဒီယာဌာန တစ်ခုမှ တစ်ဦးကျတက်ရောက်ခွင့်ရရှိခဲ့ကြပြီး ကြေးနန်းဆက်သွယ်ရေးမှ သတင်းပို့ချက်အရ ဘိုးရင်း ၇၇၇-၂၀၀ ပေါ်ရှိ လေယာဉ်မှူး ကပ္ပတိန် ဇာဟာရီအာမက်ရှား (၅၃ နှစ်)၊ အကူလေယာဉ်မှူး ဖာရွတ်အဗ္ဗဒူဟာမစ် (၂၇ နှစ်)၊ ခရီးသည် ၂၂၇ ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၀ ဦးတို့မှာ ပြန်ပေးဆွဲခံရဖွယ်ရှိကြောင်းဖြင့် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

Everly Putrajaya hotel တွင် မိသားစုဝင်အချို့မှာ ဟိုတယ်ခန်းမရှိ ရုပ်မြင်သံကြားပြစက်အနီးတွင် စုရုံးကြကာ အချို့မှာလွန်စွာအံ့သြနေကြသော်လည်း အများစုမှာ ဣန္ဒြေဆည်နေသည်ကို တွေ့ရကြောင်းဖြင့် သတင်းဌာနများက ဖော်ပြထားသည်။ တက်ရောက်လာကြသည့် မိသားစုဝင်များအတွင်း မိသားစုတစ်စုမှာ လေယာဉ်ပေါ်ပါသွားသည့် ခရီးသည်၏ မိခင်နှင့် စကားစမပြည်ပြောနေစဉ် ငိုကြွေးလျက်ရှိသည်။ တရုတ်နိုင်ငံရှိ Beijing Lido ဟိုတယ်ခန်းမတွင်လည်း ကန့်သတ်ထားသူများသာ ဝင်ရောက်ခွင့်ပေးကာ မလေးရှား သတင်းစာရှင်းလင်းပွဲကို တိုက်ရိုက်ကြည့်ရှုနေကြောင်း တရုတ်သတင်းဌာန အချို့တွင် ဖော်ပြထားပြီး သတင်းသမားများမှာ ဝင်ရောက်ရန် ကြိုးပမ်းသော်လည်း သတ်မှတ်ထားရှိသော သတင်းဌာနများသာ ဝင်ရောက်ခွင့်ရရှိကြကြောင်း သတင်းဌာနများမှ ဖော်ပြခဲ့သည်။

စိုးဝင်း(SP)

မတ် ၁၄ ရက်က ရန်ကုန်-ပုသိမ်ကားလမ်းနှင့် ဘုရင့်နောင်ပွဲရုံဝင်းတို့တွင် ယာဉ်တိုက်မှုလေးမှုဖြစ်ပွား

ရန်ကုန် မတ် ၁၅

မတ် ၁၄ ရက် နံနက် ၂ နာရီခန့်က ထန်းတပင်မြို့နယ်အတွင်း ရန်ကုန် -ပုသိမ် ကားလမ်းမ မိုင်တိုင် (၁၆/၇)အနီး (မန်တိုင်ကျေးရွာ) အနောက်မှအရှေ့သို့(ဟင်္သာတဘက်မှ ရန်ကုန်ဘက်သို့) မောင်းနှင်လာသော ယာဉ်မောင်း ဟိန်းသူမောင်းနှင်လာသည့် ည/----ခြောက်ဘီး ကုန်ကား၏ နောက်ဘက်သို့ ဟင်္သာတမြို့နေ ယာဉ်မောင်း အောင်ကျော်ဇော မောင်းနှင်လာသည့် ၁ခ/--- ခြောက်ဘီးကားမှ အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိရာ အဆိုပါ ၁ခ/-----ကုန်ကား၏ ခေါင်းပိုင်းပျက်စီးသွားကြောင်း၊ ယာဉ်မောင်း အောင်ကျော်ဇောသည် ဒဏ်ရာများဖြင့် သွေးထွက်လွန်ကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်း၊ ထန်းတပင်မြို့နယ် နယ်မြေရဲစခန်းမှ ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် အရေးယူထားကြောင်း သိရသည်။

ယခုရက်ပိုင်း ရန်ကုန်-ပုသိမ် ကားလမ်းတစ်လျှောက် ညဦးပိုင်းမှ နံနက်ပိုင်းအထိ မြူနှင်းများကျတတ်ရာ မော်တော်ယာဉ်များ မြူနှင်းတောထဲမှ သွားလာရာတွင် ယာဉ်တိုက်မှုများ

ဖြစ်ပွားနေတတ်ကြောင်း၊ မတ်လ ၁၄ ရက် နံနက်ပိုင်း အထက်ဖော်ပြပါနေရာနှင့် တစ်မိုင်ဝန်းကျင်အကွာ မန်တိုင်ကျေးရွာအနီး အိမ်စီးယာဉ်ငယ်တစ်စီးကို ကျော်တက်ရာမှ ရေကြည်မြို့နယ် စက်ခေါင်ကြီးမှ ရန်ကုန်သို့ပြေးဆွဲသော ခရီးသည်တင်ကားတစ်စီး လမ်းဘေးသို့ကျသွားခြင်း၊ ည ၁၂ နာရီခန့်တွင် ရန်ကုန်မှ ပုသိမ်သို့မောင်းနှင်လာသော ၁၄ ပေကင်တာ ၇ဂ/----ကုန်ကား တစ်စီး ပန်းတနော်မြို့နယ် ပေါဇိတံတားအလွန်လမ်းဘေးသို့ ကျသွားခြင်းများကို မြင်တွေ့ရသည်ဟု အဆိုပါလမ်းကြောင်းသွား ၁၂ ဘီးယာဉ်မောင်းတစ်ဦးက ဆိုသည်။

မြူနှင်းကျဆင်းချိန် ကားလမ်းမပေါ် မောင်းနှင်ရာတွင် အရှိန်လျှော့မောင်းနှင်ခြင်း၊ နှင်းခွဲမီးလုံးကြီးများအသုံးပြုခြင်းဖြင့် သွားလာသင့်ကြောင်း ယာဉ်ငယ်များ၊ ကျေးရွာသုံးထော်လာဂျီများ နှင်းတောထဲတွင် သွားလာရာမှ ယာဉ်တိုက်မှုအများဆုံးဖြစ်နေရသည်ဟု သိရသည်။

အဆိုပါ မတ် ၁၄ ရက်(သောကြာနေ့)နံနက် ၅ နာရီခွဲခန့်က ဘုရင့်နောင်ပွဲရုံဝင်း ရေတမာလမ်း (ယင်းမာလမ်းနှင့် ကံ့ကော်လမ်းမကြား) ပွဲရုံ တစ်ရုံရှေ့တွင် ပါကင် (နေရာ) ထိုးနေသော ကုန်ကားကြီးတစ်စီး၏ နောက်ဖုံးနှင့် ပွဲရုံရှေ့စုပုံထားသော ကုန်ပစ္စည်းအပုံကြား ယာဉ်နောက်လိုက် ညှပ်သွားသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်ဟု ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

သင်္ကြန်ရက်များအတွင်း လမ်းဆုံလမ်းခွမီးပွိုင့် နေရာများတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ အင်အားပြည့်ချထားဆောင်ရွက်မည်

ရန်ကုန် မတ် ၁၅

ယခုနှစ် သင်္ကြန်ရက်များအတွင်း မဏ္ဍပ်တည်ရှိမှုအနေအထားများကို ကြည့်ကာ လမ်းများတစ်လျှောက်ရှိ လမ်းဆုံလမ်းခွမီးပွိုင့်နေရာများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အင်အားအားလုံးကို အပြည့်အဝအသုံးချ၍ တာဝန်များဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ထုတ်ပြန်ချက်အရ သိရသည်။

ရှင်းပြ

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ဒုရဲမှူးကြီးလင်းထွဋ်က "ဒီနှစ်သင်္ကြန်ကို ယခင်နှစ်များထက် ယာဉ်ထိန်းတပ်ဖွဲ့က အင်အားအပြည့်အသုံးချ ဆောင်ရွက်သွားဖို့ရှိပါတယ်။ လစဉ်ယာဉ်အစီးရေတွေများပြားလာနေလို့ပါ၊ တစ်လကို ယာဉ်မှတ်ပုံတင်စာရင်းအရဆိုရင် ယာဉ်အစီးရေ တစ်သောင်းခန့်ရှိနေပါတယ်၊ ဒီနှစ်က ပိုမိုအကျပ်အတည်းဖြစ်စေနိုင်လို့ပါ၊ လမ်းဆုံလမ်းခွ ယာဉ်မတော်တဆဖြစ်မယ့်နေရာအနှံ့မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေကို ဖိဖိစီးစီးနဲ့ အပြည့်အဝအသုံးချပါ့မယ်၊ အဓိကလူစည်ကားရာ နေရာတွေဖြစ်တဲ့ ပြည်လမ်း၊ အင်းလျားလမ်း၊ ကန်ပတ်လမ်းတစ်လျှောက်ကမ္ဘာအေးဘုရားလမ်း တစ်လျှောက်ကို အဓိကဆောင်ရွက်သွားမှာပါ၊ ကျန်တဲ့နေရာများကိုလည်း လုပ်ဆောင်သွားမှာပါ"ဟု ရှင်းပြခဲ့သည်။

ထို့အပြင် သင်္ကြန်ရက်များအတွင်း နှစ်စဉ်ထုတ်ပြန်ကြေညာထားသည့်အတိုင်း အပျော်လွန်မောင်းနှင်ကြခြင်း၊ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း၊ နိုင်ငံတကာအလံများချိတ်ဆွဲတပ်ဆင်ခြင်း၊ နံပါတ်ပြားအတုတပ်ဆင်မောင်းနှင်ခြင်း၊ ယာဉ်ဘေးတံခါးဖွင့်မောင်းနှင်ခြင်း၊ ဟွန်းသံကင်းမဲ့ဇုန်များမောင်းနှင်ခြင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ဆိုင်ကယ်မောင်းနှင်ခြင်းများနှင့် သောက်စားမူးယစ်မောင်းနှင်ကြသော ယာဉ်များကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့သင်္ကြန် ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီခြင်းမရှိသော ယာဉ်စည်းကမ်းဖောက်ဖျက် ကျူးလွန်ကြသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ နှစ်စဉ် ဆောင်ရွက်လျက်ရှိသည့်အတိုင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ ကြပ်မတ်ကာ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင်ပါရှိသော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄)၊ (၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ ကြော်ငြာစာကြောင်းရေ လေးကြောင်းမြောက်နှင့် ခြောက်ကြောင်းမြောက်တို့တွင်ပါရှိသော သူငယ်ချင်းအစား သူငယ်ချင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

ပြည်တွင်း၊ ပြည်ပသတင်း

မန္တလေးမြို့ တပေါင်းလပြည့်နေ့ကုသိုလ်ပြုသူများဖြင့် စည်ကား

မန္တလေး မတ် ၁၅

၁၂ လရာသီ ပွဲတော်များတွင် နောက်ဆုံးပွဲတော်ဖြစ်သည့် တပေါင်းလပြည့်နေ့ တပေါင်းပွဲတော်နေ့တွင် မြန်မာနိုင်ငံတော်၏ အမြို့မြို့ အနယ်နယ် ဒေသအနှံ့တို့၌ ဗုဒ္ဓပူဇနိယဘုရားပွဲတော်၊ တရားပူဇော်ပွဲများဖြင့် အထူးများပြားစည်ကားစွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့တွင်လည်း တပေါင်းလပြည့်နေ့ဖြစ်သည့် အားလျော်စွာ ယနေ့နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကို ရေတော်ဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးများကပ်လှူပူဇော်ကြသည်။ မဟာမုနိရုပ်ရှင်တော်မြတ်အား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း ရွှေသင်္ကန်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဖယောင်းဆီမီးကပ်လှူပူဇော်လျက်ရှိရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှသည်။ ထို့အတူ မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ အရှေ့ပြင်နယ်လုံးဆိုင်ရာ အောင်တော်မူဆုတောင်းပြည့်ဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်တို့တွင်လည်း ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီးရှင်ပြု၊ ရဟန်းခံနားသအလှူတော်မင်္ဂလာ ပြုသူများကိုလည်း များပြားစွာတွေ့ရသည်။

ထို့အပြင် အနော်ရထာမင်းကြီး၏ မိဖုရားဖြစ်သည့် ရှမ်းတိုင်းရင်းသူစောမွန်လှတည်ထားကိုးကွယ်သော ရွှေစာရံစေတီတော်၏ ရွှေစာရံပွဲတော်ကို ယနေ့တပေါင်းလပြည့်နေ့တွင် စတင်ကျင်းပရာ တောင်ပေါ် ရှမ်းတိုင်းရင်းသားများအပါအဝင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလှသည်။ **(ဝဲပုံ)**

ရွှေစာရံဘုရားပွဲတော်၌ ရှမ်းတိုင်းရင်းသားဒေသထွက် ကုန်များလည်း ရောင်းချသဖြင့် ဘုရားဖူးလာပြည်သူများနှစ်ခြိုက်အားရစွာ ဝယ်ယူအားပေးလျက်ရှိကြပြီး ရေစီးသန်သည့် ကြည်လင်အေးမြသော ဒုဋ္ဌဝတီမြစ်တွင်လည်း ပျော်ပါးစွာ ရေကစားအပန်းဖြေအနားယူကြသူများဖြင့်လည်း စည်ကားလှသည်ကို တွေ့ရသည်။ ရွှေစာရံဘုရားပွဲတော်သို့ ဆိုင်ကယ်၊ ကားမျိုးစုံ၊ စက်ဘီးတို့ဖြင့် လာရောက်ဘုရားဖူးသူများမှာ ရွှေစာရံဂေါက်ကွင်း အဝင်ပေါက်မှစ၍ ရွှေစာရံဘုရားပွဲတော် မရောက်ခင်တို့တွင် နေရာတစ်နေရာမှ တစ်နေရာသို့ ခက်ခက်ခဲခဲဖြင့် သွားရောက်ကြရသည့်အတွက် ယခုနှစ်သွားရေးလာရေးအဆင်မပြေကြောင်း ဘုရားဖူးလာပြည်သူများက ပွဲတော်လမ်းတစ်လျှောက်၌ ပြောကြားလျက်ရှိသည်။ ရွှေစာရံစေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအဖြစ် (တပေါင်းလပြည့်ကျော် ၉ ရက်)မတ် ၂၄ ရက် နံနက် ၈ နာရီတွင် စောမွန်လှ၏ ဆွေတော်မျိုးတော်အပေါင်းနှင့် သူတော်ကောင်း အလှူရှင်များက ဘုရားအမှူးရှိသော ပင့်သံဃာတော် အပါး ၁၈၀ ကျော်တို့ကို ဆွမ်း၊ သပိတ်၊ စာရေးတံမဲတို့ဖြင့် မဟာသံဃိကဒါန လောင်းလှူပူဇော်မည်ဖြစ်သည်။ **တင်မောင်(မန္တလေး)**

တပေါင်းလပြည့်နေ့က ရမည်းသင်းမြို့နယ်ရှိ ရွှေမြင်တင်ဘုရားပွဲ၌ ဘုရားဖူးလာရောက် ကုသိုလ်ပြုကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်မောင်လွင်

စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

မန္တလေး မတ် ၁၅

ဆေးဝါးတက္ကသိုလ် မန္တလေး ဆေးဝါးသိပ္ပံပညာသင်တန်းများမှ ကျောင်းသား ကျောင်းသူများအား (Total Personal and Professional Development) သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ ဟောပြောပွဲကျင်းပခဲ့ရာ နိုင်ငံကျော် စာရေးဆရာမဂျူးက စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာခေါင်းစဉ်ဖြင့် လာရောက်ဟောပြောပေးခဲ့သည်။ ဟောပြောပေးခဲ့သော အကြောင်းအရာများနှင့်ပတ်သက်၍ သိလိုသည်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ဝ၄၀)**

လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ဆင်းရဲမှုလျှော့ချရေး ကိစ္စများနှင့်ပတ်သက်၍ မေးမြန်းခြင်း ဖြေကြား

နေပြည်တော် မတ် ၁၅

အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဗညားအောင်မိုး (မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ) ဦးဆောင်သောအဖွဲ့အား 2014 JEFFERSON FELLOWSHIPS, East West Center မှ ညွှန်ကြားရေးမှူး DR.G.Shabbir Cheema ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်ဝင်းရှိ ကော်မတီရေးရာဆောင် အမှတ်(၂၀) ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းရင်းသားရေးရာကိစ္စများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုအခြေခံဥပဒေပြင်ဆင်ရေး၊ ဖက်ဒရယ်ကိစ္စ၊ လွှတ်တော်တွင်းရှိ တပ်မတော်သားအခန်းကဏ္ဍ၊ လယ်ယာမြေသိမ်းဆည်းခံရမှုကိစ္စနှင့် ဆင်းရဲမှုလျှော့ချရေးကိစ္စတို့ မေးမြန်းခြင်းကို ဖြေကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်မှ ဦးပေါ်လျံလွင်(ချင်းတိုးတက်ရေးပါတီ)နှင့် ဦးစောတော်ပလဲ(ကရင်ပြည်သူ့ပါတီ)ပြည်သူ့လွှတ်တော်မှ ဦးစိုင်းဘိုးအောင်(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ) တို့ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

✳ ***ရှေ့ဖုံးမှ***

ရန်ကုန်-ဒလကူးတို့ သင်္ဘောပြေးဆွဲရန်အတွက် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ရှိ သင်္ဘောကျင်းတွင် ကူးတို့သင်္ဘောသုံးစင်းကို အသစ်တည်ဆောက်နေပြီဖြစ်ရာ ယခုနှစ်နိုဝင်ဘာလ၌ ရန်ကုန်မြို့သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ အဆိုပါကူးတို့သင်္ဘောသစ်သုံးစင်းသည် နှစ်ထပ်သင်္ဘောအမျိုးအစားဖြစ်ပြီး ကူးတို့သင်္ဘောတစ်စင်းလျှင် ခရီးသည် ၁၀၀၀ ခန့် လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ယင်းကူးတို့သင်္ဘောသုံးစင်းတည်ဆောက်မှုအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂ သန်းမှ ၁၄ သန်းအထိ ကုန်ကျမည်ဖြစ်သည်။

ဂျပန်မှတည်ဆောက်ပြီးရောက်ရှိလာမည့် ကူးတို့သင်္ဘောသစ်သုံးစင်းကို ပန်းဆိုးတန်း-ဒလကူးတို့ခရီးစဉ်အတွက် နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ထိုသင်္ဘောသုံးစင်းမှာဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီပေးခြင်းဖြစ်ပြီး ငွေကြေးပေးဆပ်ရန်မလိုကြောင်း သိရသည်။

ယခုအခါ ပန်းဆိုးတန်း-ဒလကူးတို့ယာဉ်ကို ပြည်တွင်းရေကြောင်းက ကူးတို့ယာဉ်နှစ်စင်းဖြင့် မိနစ် ၂၀ လျှင် တစ်ကြိမ်ပြေးဆွဲပေးလျက်ရှိရာ နေ့စဉ်ခရီးသည် အများအပြား လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှာဖွေရေးပုံစံသစ်ဖြင့် ပျောက်ဆုံးမလေးရှားလေယာဉ်ကို ရှာဖွေနေဆဲ

ခရီးသည်နှင့်လေယာဉ်အမှုထမ်းစုစုပေါင်း ၂၃၉ ဦး စီးနင်းလိုက်ပါသော မလေးရှားလေယာဉ်ပျောက်ဆုံးမှုတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ သင်္ဘော ၄၃ စင်း၊ လေယာဉ် ၃၉ စင်းနှင့်တောင်တရုတ်ပင်လယ်နှင့်မလေးရှားကျွန်းဆွယ်တစ်ဖက်ကမ်း မိုင်ရာချီရှိသော မလက္ကာရေလက်ကြားတို့အပြင် လေယာဉ်နှင့် ရေဒါနောက်ဆုံးအဆက်အသွယ်ပြတ်ခဲ့သော နေရာမှ မိုင်ထောင်ချီဝေးသည့် အိန္ဒိယသမုဒ္ဒရာအထိ တိုးချဲ့ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။

ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မလေးရှားဝန်ကြီးချုပ်နာဂျစ်တွန်ရာဇက်က ဂြိုဟ်တုနှင့် ရေဒါအထောက်အထားများအရ ပျောက်ဆုံးလေယာဉ်၏ ဖြစ်ပျက်လှုပ်ရှားပုံများမှာ လေယာဉ်ပေါ်ပါရှိသောတစ်စုံတစ်ဦး၏ပယောဂကြောင့် ဖြစ်ရသည်မှာ ရာခိုင်နှုန်းပြည့်သေချာနေကြောင်း၊ လေယာဉ်သည်မလေးကျွန်းဆွယ်၏အရှေ့ကမ်းရိုးတန်းသို့မရောက်သေးမီ လေယာဉ်၏သတင်းပို့စနစ်များ ချွတ်ယွင်းသွားအောင် တစ်စုံတစ်ဦးက လုပ်ဆောင်ခဲ့သည်ဟုယူဆရကြောင်း၊ နောက်မကြာမီ လေယာဉ်သည် ဗီယက်နမ်လေကြောင်း ထိန်းချုပ်မှုစခန်းသို့ ဦးတည်လာစဉ် လေယာဉ်ရောက်ရှိသည့်နေရာကိုပြသော ထရန်စပွန်ဒါအပိတ်ခံလိုက်ရကြောင်း ဆိုသည်။

သတင်းစာရှင်းလင်းပွဲအပြီး၌ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက လေယာဉ်မှူးဖြစ်သူ ဇာဟာရီအာမက်ရှား၏အိမ်ကို ဝင်ရောက်ရှာဖွေခဲ့ကြသည်။ ထို့အတူနောက်ဆုံးရရှိသော သတင်းအချက်အလက်များအရအာဏာပိုင်များမှာ လေယာဉ်ပေါ်စီးနင်းလိုက်ပါသူ ခရီးသည်နှင့်လေယာဉ်ဝန်ထမ်းအားလုံးအပေါ် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီဖြစ်သည်။ လေယာဉ်ပျောက်ဆုံးမှုသည် သွေးရိုးသားရိုးမဟုတ်ကြောင်းယုံကြည်မှု မြင့်တက်လာကြချိန်တွင် လေယာဉ်ရှာဖွေရေးပုံစံကို အသွင်သစ်တစ်မျိုးသို့ ပြောင်းလဲလိုက်ကြသည်။ ရှာဖွေရေးပုံစံသစ်အရ ဖြစ်နိုင်ခြေရှိသော လေယာဉ်လမ်းကြောင်းမှာ ထိုင်းနိုင်ငံမြောက်ပိုင်းမှ ကာဇက်စတန်နှင့် တက်ခ်မင်နစ္စတန်နယ်စပ်ထိရှည်လျားသော မြောက်ပိုင်းလမ်းကြောင်း သို့မဟုတ် အင်ဒိုနီးရှားနိုင်ငံမှ တောင်ပိုင်းအိန္ဒိယပင်လယ်ပြင်အထိ ရှည်လျားသော တောင်ပိုင်းလမ်းကြောင်းတို့ဖြစ်သည်။

ပျောက်ဆုံးလေယာဉ်ရှာဖွေရေးမှာ ခုနစ်ရက်တိုင်တိုင် ရောက်ရှိလာပြီဖြစ်သော်လည်း သဲလွန်စတစ်စုံတစ်ရာမရရှိသေးမှုနှင့် သတင်းထုတ်ပြန်ရာတွင် နှောင့်နှေးမှုတို့ကြောင့် မလေးရှားအာဏာပိုင်များအပေါ် အပြစ်တင်မှု၊ ဝေဖန်မှုများရှိလာသည်။ လေယာဉ်ပေါ်ပါရှိသူများအနက် သုံးပုံနှစ်ပုံမှာ တရုတ်နိုင်ငံသားများဖြစ်သောကြောင့် တရုတ်အစိုးရက တိကျပြီးပြည့်စုံသော သတင်းများဆက်တိုက်ထုတ်ပြန်ပေးရန်မလေးရှားအစိုးရကို တောင်းဆိုထားသည်။ တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနကမူ သတင်းကိုအချိန်မီထုတ်ပြန်မှုမရှိခြင်းသည် လေယာဉ်ရှာဖွေရေး၌ အားစိုက်ထုတ်မှုများကို အချည်းအနှီးဖြစ်စေကြောင်း၊ ထို့အတူ ကောလာဟလပို၍ ဖြစ်ထွန်းလာကြောင်း၊ အကျိုးဆက်အားဖြင့် သက်ဆိုင်သောမိသားစုဝင်များပို၍ ဒေါသဖြစ်စေကြောင်း၊ အထူးသဖြင့်ဝန်ကြီးချုပ်နာဂျစ်တွန်ရာဇက်၏သတင်းစာရှင်းလင်းပွဲမှ ထုတ်ဖော်ပြောပြသော အသေးစိတ်အချက်အလက်များမှာ နောက်ကျမှသိရသဖြင့် အချိန်နှောင်းသွားခဲ့ကြောင်းဆိုသည်။

ခုနစ်ရက်မြောက်ရောက်ရှိလာသော ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် နိုင်ငံပေါင်းများစွာက ပုံရိပ်ကိုအထူးပြတ်သားစွာရိုက်ကူးနိုင်သောဂြိုဟ်တုများစေလွှတ်သည့်အပြင် ပုဂ္ဂလိကဆက်သွယ်ရေးဂြိုဟ်တုမှရသော အချက်အလက်များကိုလည်း ကြည့်ရှုစစ်ဆေးလျက်ရှိကြသည်။ တရုတ်နိုင်ငံတစ်နိုင်ငံတည်းကပင် အဆင့်မြင့်ဂြိုဟ်တု ၁၀ စင်းစေလွှတ်ထားသည်။ ပြင်သစ်နိုင်ငံ CNES အာကာသအေဂျင်စီမှ ဒါရိုက်တာဖြစ်သူ မာ့ခ်ပိုင်ချာက ရှာဖွေရမည့်နယ်နိမိတ်မှာ ကျယ်လွန်းလှသဖြင့် ကောက်ရိုးပုံထဲ အပ်တစ်ချောင်းရှာဖွေရတာနဲ့တူကြောင်း၊ တစ်စုံတစ်ရာကိုမြန်မြန်ဆန်ဆန်တွေ့ဖို့ဆိုတာ လွယ်ကူမှာတော့မဟုတ်ကြောင်း ဆိုသည်။

လေယာဉ်ပျောက်နှင့်ပတ်သက်ပြီး စက်ချွတ်ယွင်းမှုကြောင့်လား၊ လေယာဉ်ပေါ်ပါရှိသူများထဲ၌ အကြမ်းဖက်သမားများနှင့်ဆက်နွယ်မှုရှိနေလား၊ စိတ်ဖောက်ပြန်သူများပါနေသလား၊ လေယာဉ်မှူး၏သေကြောင်းကြံစည်မှုကြောင့်လား ဆိုသောလားပေါင်းများစွာအပေါ် တိကျသောအဖြေမရမချင်းဝန်ကြီးချုပ် နာဂျစ်တွန်ရာဇက်အပါအဝင်မလေးရှားအာဏာပိုင်များ အကျပ်ရိုက်နေမည်သာ ဖြစ်ပေတော့သည်။ **ရိုက်တာ/ကျိုဒို**

ဘာသာပြန်-ကျော်သဲအိမ်

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၃-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၀)ပါ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄)(၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အလှူတော်မင်္ဂလာဖိတ်ကြားလွှာကြော်ငြာတွင် သူငယ်ချင်းများအားရည်စူး၍ ဟူ၍လည်းကောင်း၊ သူငယ်ချင်းမိသားစုများတွေ့ဆုံခြင်းအခမ်းအနားဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ဇင်ထွေး ၆/မအရ(နိုင်)၀၉၅၉၄၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၅၁၉၇၇

ပျောက်ဆုံးကြောင်း

ကျွန်တော်၏ (သွင်းကုန်ပါမစ်)မူရင်း ILV-13-14 0767 (05-07-2013) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၂၈၉၁၀၊ ၀၁-၆၈၃၁၈၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၈၊ မြေကွက်အမှတ် ၁၆၈၊ အလျား×အနံ (၄၀×၆၀)ပေရှိ ဦးကြင်ဝေ(ခ)ကြင်ဖေဖြင့် မှတ်သားထားသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ အမှတ် ၁၆၈၊ ဦးသိန်းဟန်၊ (၅၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်လျှပ်စစ်မီတာတစ်လုံးအပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များ အားလုံးတို့ကို မူလမြေအမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်ဝင်းကြည် ၁၁/မအန(နိုင်)၀၂၄၈၈၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရှီစလင်း(စဉ်-၉၆၈၅)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၅၆၊
သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၉၃၁၁၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/B၊ သမာဓိ ၃ လမ်း၊ မြေကွက်အမှတ် ၆၃၂၊ အကျယ်အဝန်းပေ (၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးစိုးမြင့် AC- ၀၄၈၂၃၇ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစောကော်တော ၁၄/အမန(နိုင်)၁၀၄၂၀၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်တိုင်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နီနီရှင် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၉၃)
အမှတ် ၃၄/အေ၊ ၆ လွှာ၊ မြင်းမိုရ်လမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၂၃၈၇၉၉၊ ၀၉-၈၅၁၀၁၇၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်၃၁၊ မြေကွက်အမှတ် (၅၇၇/၅၇၈)၊ အလျား ပေ ၄၀×အနံပေ ၁၂၀၊ စတုရန်းပေ ၄၈၀၀အကျယ်အဝန်းရှိသော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်သူ ဦးကြည်လင်း(ခ)ဝမ်ကျီချန် ၁၃/လရန(နိုင်)၀၀၀၈၁၇ ကိုင်ဆောင်သူနှင့် ကျွန်မ ဒေါ်ပြုံး ၁/မကတ(နိုင်)၀၀၇၇၅၉တို့မှ နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ပြုံး
၁/မကတ(နိုင်)၀၀၇၇၅၉
ဖုန်း-၀၉-၅၅၀၀၄၄၅

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဝင်ငွေတိုးစေသည့် စတော်ဘယ်ရီသီးများ လှိုင်လှိုင်ပေါ်

နွေဦးပေါက်ရာသီအချိန်တွင် စတော်ဘယ်ရီသီးများ လှိုင်လှိုင်ကြီးပေါ်နေပြီဖြစ်သည့်အတွက် စတော်ဘယ်ရီအပင်များ စိုက်ပျိုးရာ ဒေသဖြစ်သော မေမြို့သို့မဟုတ် ပြင်ဦးလွင်မြို့ကို စာရေးသူကိုယ်တိုင်ထဲထဲဝင်ဝင်သွားရောက်လေ့လာခဲ့သည်။ ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင် အထက် ၃၅၃၈ ပေ အမြင့်ရှိသော တောင်စခန်းအပန်းဖြေမြို့ ဖြစ်သည့်အပြင် အေးမြသော ရာသီဥတုလည်းရှိသည့်အတွက် စတော်ဘယ်ရီအပင်များ အောင်မြင်ဖြစ်ထွန်းခြင်း ဖြစ်သည်။

ပြင်ဦးလွင်မြို့နယ် စည်သာကျေးရွာမှ စတော်ဘယ်ရီစိုက်ခင်းပိုင်ရှင်ဦးဆောင်းဦးက "စတော်ဘယ်ရီသီးမှာ ဒီဇင်ဘာမျိုးနဲ့ ဒေသမျိုးဆိုပြီး နှစ်မျိုးရှိပါတယ်။ ရှစ်လပိုင်းမှာ စတင်စိုက်ပျိုးပြီး ၁၁ လပိုင်းမှာ အပွင့်လိုက်ပါတယ်။ ၁၂ လပိုင်း၊ ၁ လပိုင်းမှာ ရောင်းတန်းဝင် အသီးရပါပြီ၊ စတော်ဘယ်ရီကို ပေါင်တန်းစနစ်နဲ့ စိုက်ပျိုးပြီး နှစ်တောင်မှာ သုံးပင်စိုက်ပျိုးရပါတယ်။ ကျင်းတူးပြီး သဘာဝမြေသြဇာဖြစ်တဲ့ နွားချေးကို စတီးလ်ပန်းကန်တစ်လုံးထည့်ရပါတယ်။ ဒါကတစ်ပင်အတွက်ပါ၊ တူးဆွထားတဲ့ မြေနဲ့ နွားချေးကို သမအောင်ရောပြီး သားပေါက်အပင် စိုက်ပျိုးရပါတယ်။ တစ်လပြည့်တဲ့ အချိန်မှာ မြေဆွ၊ ပေါင်းသင်ပေးရပြန်ပါတယ်၊ ၁၁ လပိုင်းအပွင့်လိုက်တဲ့ အချိန်မှာတော့ မြေသြဇာထည့်ပေး၊ ရေလောင်းပေးပေါ့၊ ၁၂ လပိုင်း၊ ၁ လပိုင်းမှာ ရောင်းတန်းဝင် အသီးရပါပြီ၊ အဓိကကတော့ အပင်သန်ရင် အသီးအောင်တယ်၊ အပင်ဖြစ်ဖို့ပဲ လိုတယ်၊ ဒီဇင်ဘာ အသီးကင်းစတင် ဖြစ်တဲ့အချိန်မှာ ကောက်ရိုးကို အပင်ခြေကနေခင်းပေးရပြန်ပါတယ်၊ ကောက်ရိုးခင်းရတဲ့ အကြောင်းက အသီးလှပြီး ရေအစိုဓာတ်ကို ထိန်းသိမ်းပေးတယ်၊ အသီးကို မြေကြီး မပေဘူး၊ မြေကြီးမပေတော့ အရောင်ဝင်းပြီး အသီးကို လှစေတယ်။ စတော်ဘယ်ရီတစ်ပင်မှာ ရောင်းတန်းဝင် ခြင်းသုံးခြင်းရပါတယ်။ စတော်ဘယ်ရီခင်းတစ်ပေါင်မှာ ပျမ်းမျှ ပေ ၇၀ ရှိတယ်၊ ၁ ဧကမှာ ပေါင် ၁၆၀ ရှိပါတယ်၊ ကျွန်တော့်သား၊ သမီးကို တက္ကသိုလ်ပို့နိုင်တာ ဒီစတော်ဘယ်ရီက ရတာပေါ့"ဟု ဆိုသည်။ အဆိုပါ စတော်ဘယ်ရီသီးများမှာ သီးချိန်မှစ၍ ခြောက်လအထိ အသီးသီးကြောင်း သိရသည်။

မောင်မောင်စိုး (မြစ်ငယ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း　၁၅-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၆၈၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၇၀၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၈၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၆-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၀. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၄-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၄-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၅၇၀၀-၉၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ကချင်ပြည်နယ်တစ်ဝန်း လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိ

မိုးညှင်း မတ် ၁၅

ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဘဏ္ဍာရေးဝန်ကြီးဦးညွန့်အောင်၊ လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၁၄ ရက် နံနက် ၈ နာရီတွင် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ တွေ့ဆုံပွဲကျင်းပရာ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်စိုးလေး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်စိုးမိုး၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိ/မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ နိုင်ငံရေးပါတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာကချင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်တိုးတက်ဖွံ့ဖြိုးရေး၊ ကချင်ပြည်နယ်တစ်ဝန်းလုံးလျှပ်စစ်မီးရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ၂၀၁၃-၂၀၁၄ မိုးညှင်းမြို့နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလေးက မိုးညှင်းမြို့နယ်စည်ပင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ ရပ်မိ/ရပ်ဖများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးညှိနှိုင်းဖြည့်ဆည်းခဲ့သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းမျိုးနွယ်စုနှင့် ကချင်မျိုးနွယ်စုစာပေယဉ်ကျေးမှုအဖွဲ့များကို ငွေကျပ်ငါးသိန်းစီ ထောက်ပံ့ပေးအပ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ရှမ်းကြက်သွန်ဖြူအသစ်နှင့် မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်အသစ်များဈေးနှုန်းမြင့်တက်၊ စားအုန်းဆီဈေးနှုန်းပြန်လည်ကျလာ

ရန်ကုန် မတ် ၁၅

ရန်ကုန်ဈေးကွက်သို့ဝင်ရောက်လာသော ရှမ်းကြက်သွန်ဖြူအသစ်နှင့် မြစ်ဝကျွန်းပေါ်ဒေသထွက်ငရုတ်အသစ်များ ယခုရက်တွင် ဈေးနှုန်းအမြင့် ရရှိနေကြောင်း၊ ကြက်သွန်နီဈေးနှုန်းမှာလည်း ယခင်နှစ်ကာလတူထက်ဈေးမြင့်နေဆဲဖြစ်သော်လည်း ပြည်ပမှတင်သွင်းသော ကြူကုတ်ကြက်သွန်ဖြူနှင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာကြောင်း ဈေးကွက်မှသိရသည်။

မတ် ၁၄ ရက် ရှမ်းကြက်သွန်ဖြူအသစ်တစ်ပိဿာ လက်ကား ဈေးနှုန်းမှာ ငွေကျပ်၆၅၀-၁၁၀၀-၁၄၀၀-၁၆၀၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၁၁၂၀-၁၂၀၀နှုန်း၊ လေးအိမ်စုမိုးထောင်ငရုတ်သစ်တစ်ပိဿာ ၂၉၀၀ ကျပ်၊ ညောင်ရမ်းမိုးထောင်အသစ် ငွေကျပ် ၂၈၀၀-၂၈၅၀၊ ကုလားကျွန်းငရုတ်ရှည်၊ ပန်းတနော်ငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၂၆၀၀၊ ကျောက်ရဲ ငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၄၀၀-၂၄၅၀ နှုန်း၊ ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၀၀-၄၀၀-၄၂၅-၄၅၀ နှုန်း၊ တောင်တွင်း၃၇၅-၄၂၅-၄၅၀-၄၇၅ကျပ်နှုန်း၊ မြစ်သားတစ်ပိဿာ ၄၂၅-၆၂၅-၇၀၀-၇၀၀ကျပ်နှုန်း၊ စားအုန်းဆီလက်ငင်း လက်ကားတစ်ပိဿာရောင်းဈေး ၁၆၈၅ ကျပ်နှုန်းရှိကြောင်း ဘုရင့် နောင်ဈေးကွက်မှ သိရသည်။

ပြည်ပမှ တင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူမှာမူ ယခင်နှစ် ကာလတူဈေးနှုန်း၏ထက်ဝက်ခန့်သာ ယခုနှစ် ၂၀၁၄ မတ်လလယ်တွင်ရှိပြီး စားအုန်းဆီဈေးနှုန်းမှာ ကမ္ဘာ့ဈေးနှုန်း၊ ပြည်တွင်းဈေးနှုန်းပါ ယခင်နှစ်ကာလတူထက် ဈေးမြင့်နေသည်ဟုသိရသည်။

ပြည်တွင်း ဆီဈေးကွက်တွင် မတ်လအတွက် ကြိုရောင်းဈေးမှာ တစ်ပိဿာငွေကျပ် ၁၅၀၀ ဝန်းကျင်ဖြစ်ရာ ကြိုရောင်း ကြိုဝယ်အချို့ စာရင်းရှင်း၊ ပစ္စည်းအပ်မှုများ စတင်ရှိလာကြောင်း၊ ယင်းကြိုရောင်းကြိုဝယ်လုပ်ရာတွင် ဈေးနှုန်းမြင့်တက်မှုကြောင့် ကြိုဝယ်သူများ အကျိုးအမြတ်များများရရှိကြောင်း၊ ပြည်ပမှ ဆီတင်သွင်းမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကောက်ခံမှုနှုန်းထား ပြောင်းလဲမှုမရှိသည့်အတွက် ပြည်ပဆီဈေးနှုန်းကျဆင်းမှုနှင့်အတူ ပြည်တွင်းရောင်းဈေးပါကျလာကြောင်း၊ ပြည်ပဆီ FOB တစ်တန်လျှင် ၉၆၅ ဒေါ်လာထိဈေးမြင့်သကဲ့သို့ ပြည်တွင်းတစ်ပိဿာ လက်ကားရောင်းဈေးမှာ မတ် ၁၀ရက်နှင့်၁၁ရက်တို့တွင် ၁၇၃၅ ကျပ်ထိ ဈေးမြင့်ခဲ့ကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းအတွက် ပြည်ပမှ ဆီတင်သွင်းလာသော တစ်ပိဿာအပေါ်ငွေကျပ် ၉၀ ဝန်းကျင် ကျသင့်ကြောင်း ဆီကုန်သည်တစ်ဦးကဆိုသည်။ **ခင်ဆိုင်**

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းစံပြကျေးရွာနေ ဦးသိန်းမောင်၏သမီး ၁၂/ကမန(နိုင်)၀၆၂၂၇၁ ကိုင်ဆောင်သူ မထွေးထွေးနွယ်(ခ)ထွေးနွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မထွေးထွေးနွယ်(ခ)ထွေးနွယ်**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၃၀၉)၊ မြေကွက်တည်နေရာအမှတ် (၃၀၉)၊ (၅၀)ရပ်ကွက်၊ ဒဂုံမြောက် ဦးမြင့်အောင် CF-၁၄၈၀၃၈ အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်အောင်နှင့်ဇနီး ဒေါ်ပုခင် ကွယ်လွန်သဖြင့် ဦးဌေးနိုင် ၁၂/မရက(နိုင်)၀၉၀၅၈၂က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ / ငွေဆောင်(နေ့စဉ်)
Ph: 209077, 209388, 09-73167000, 09-73168000

ပျောက်ဆုံး

သီရိတေဇမင်းကုမ္ပဏီမှ ကျွန်တော်၏ ပို့ကုန်/သွင်းကုန် WQL-5870 (21-11-2013 to 20-2-2014)သက်တမ်းရှိ လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဖုန်း၀၉-၄၂၅၀၀၁၁၃၆၊ ၀၉-၃၁၄၁၄၅၈၁တို့သို့ အကြောင်းကြားပေးပါရန်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၅၁၀၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ (သမက/၆/၉)ရပ်ကွက်၊ သရက်လမ်း၊ အမှတ် ၃၇၇ဟုခေါ်တွင်သော ဦးစိန်ဟန်အမည်ပေါက် ပါမစ်မြေအမျိုးအစားအား ဦးစိုးနိုင်၁၂/ထတပ(နိုင်)၀၀၃၆၃၉က တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ဦးရတနာထွန်းထွန်းသည် အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရတနာထွန်းထွန်း
၁၂/ဥကတ(နိုင်)၁၅၀၉၈၁
ဖုန်း-၀၉-၇၃၂၂၅၂၃၇၊ ၀၉-၇၃၀၃၃၄၀၀

အမည်ပြောင်းလဲခေါ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အမှတ် ၄၀ နေ ဦးဝင်းအောင်၏သား မောင်ဆွေဝင်းအောင်အား ယနေ့မှစ၍ မောင်စိုးရမင်း ၁၂/မဂဒ(နိုင်)၁၃၆၇၂၁ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးရမင်း

မြေရောင်းရန်

ပုဂံဟိုတယ်ဇုန်
(၂ဒသမ၅ဧကေ)၊ ငွေကျပ်၁၁၅၀သိန်း။
ဖုန်း-၀၉-၄၂၃၆၆၀၆၀၂
Email:vtchit@gmail. com

မီးသတ်ပြု

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

[illegible]

(LL.B)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ခနသိဒ္ဓိလမ်းရှိ မြေကွက်အမှတ်(၁၂၅)ရှိ အလျားပေ၄၀×အနံပေ၆၀၊ စတုရန်းပေ ၂၄၀၀ အကျယ်အဝန်းရှိသောမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုစာချုပ်အရ လက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်ဇံ ၁၂/မရက(နိုင်)၀၃၄၉၈၆ ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်ခင်ခင်ကြည် ၈/အလန(ပြု)၀၀၀၀၀၆ သည် နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့်ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထား စာရွက်စာတမ်းအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ကြည်
၈/အလန(ပြု)၀၀၀၀၀၆
ဖုန်း-၀၉-၅၅၀၀၄၄၅

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၄၇ ဟုခေါ်တွင်သောတစ်ခန်းတွဲရှစ်ထပ်တိုက် အဆောက်အအုံ၏ ငါးလွှာ၊ အကျယ်အဝန်း(၂၈ပေ×၅၅ပေ)ရှိတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ရန်အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြင့်မြင့်ရီ ၁၂/သကတ(နိုင်)၁၃၇၇၉၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇

မှုခင်းသတင်းနှင့် ကြော်ငြာ

ခရီးသည်တင်ယာဉ် ရှေ့ဘီးပေါက်ကာ တိမ်းမှောက်

ရေတာရှည် မတ် ၁၅

မတ် ၁၄ ရက် နံနက် ၈ နာရီခွဲခန့်က ရေတာရှည်မြို့နယ် သာဂရမြို့ တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း၌ ပျဉ်းမနားမှ တောင်ငူသို့ ထွက်ခွာလာသည့် ခရီးသည်တင်ဒိုင်နာယာဉ် ရှေ့ဘီးပေါက်ပြီး တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော ခရီးသည် ၁၇ ဦး ဒဏ်ရာများရရှိသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ မြို့ဦးမင်္ဂလာရပ်နေ အောင်အောင် (၃၂နှစ်) မောင်းနှင်သော ပျဉ်းမနား-တောင်ငူခရီးသည်တင် တိုယိုတာ ၆က/---ဒိုင်နာယာဉ်သည် ခရီးသည်များတင်ဆောင်၍ တောင်ငူသို့ မောင်းနှင်လာစဉ် သာဂရမြို့တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၂၀၂/၇) နှင့် (၂၀၃/၀) အကြားတွင် ရှေ့ဝဲဘက်ဘီးပေါက်သွားရာမှ တိမ်းမှောက်သွားခဲ့သည်။ **(ယာပုံ)** ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အပါအဝင် ခရီးသည် အမျိုးသားလေးဦး၊ အမျိုးသမီး ၁၃ဦး ဒဏ်ရာများရရှိခဲ့၍ သာဂရနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဆွာတိုက်နယ်ဆေးရုံသို့ အမြန်ဆုံးတင်ပို့ပေးခဲ့သည်။ "ဘယ်လိုဖြစ်မှန်းတောင် မပြောတတ်တော့ဘူး၊ ကားကလည်ပြီး ရမ်းထွက်သွားတာ၊ အထဲက ခရီးသည်တွေကတော့ ဆီးဖြူသီးလှိမ့်နေတာကျနေတာပဲ"ဟု ဒဏ်ရာရရှိထားသော သာဂရမြို့ တုံးခေါင်းကျေးရွာနေ မချယ်ရီစိုးက ပြောသည်။ ယာဉ်မတော်တဆမှုကို သာဂရနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြိုးလွင်အောင်(ဆွာ)

စိတ်ကြွရူးသွပ်ဆေးပြားတစ်သိန်း ဖမ်းမိ

နေပြည်တော် မတ် ၁၅

မတ် ၁၃ရက် ည ၇ နာရီက ရှမ်းပြည်နယ် အမှတ်(၂၄)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်စု (လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့နယ် ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်တွင်စောင့်ဆိုင်းနေစဉ် မူဆယ်မှ လားရှိုးသို့ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ စိုးထွန်း(ခ) စလင်း(၃၃)နှစ်မောင်းနှင်ပြီး တစ်မြို့နယ်တည်းနေ လှစိန်(၆၁နှစ်) လားရှိုးမြို့ ရပ်ကွက်(၉)နေ ထွန်းခိုင် (၄၀နှစ်)နှင့် ရပ်ကွက်(၈)နေ ဇေယျာအောင်(၂၄)နှစ် တို့ လိုက်ပါသည့် DD / NISSAN AD VAN ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်ရှေ့ခန်းထိုင်ခုံအောက်နှင့် ကြမ်းခင်းခြေနင်းခွက်အတွင်း သို့ဝှက်သယ်ဆောင်လာသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် ၅၀၀ ထုပ်၊ စုစုပေါင်းဆေးပြား တစ်သိန်း၊ အလေးချိန် ကိုးကီလို၊ တန်ဖိုးငွေကျပ်သိန်း ၂၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် စိုးထွန်းပါ လေးဦးကို လားရှိုးနယ်မြေ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

ကိုရဲ

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

တာချီလိတ် မတ် ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် သင်္ချိုင်းအနီး စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချနေသူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၄ ရက် ည ၇ နာရီ ၁၅ မိနစ်က တာချီလိတ်မြို့မ ရဲစခန်းမှူး ဒုရဲမှူးကျော်သန်း ဦးစီး၍ နယ်ထိန်းတပ်ကြပ်ကြီး ကိုကိုအောင်၊ နယ်ထိန်းတပ်ကြပ် တင်မောင်ဝေ၊ သက်သေ ဝမ်ကောင်းပြည်သူ့စစ် ဦးအောင်နိုင်၊ ဦးထွန်းထွန်းလေးတို့နှင့်အတူ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ကျောက်တောင် ပုန်းထွန် သင်္ချိုင်းအနီးတွင် မူးယစ်ဆေး ရောင်းချနေသူဟု မသင်္ကာဖွယ်တွေ့ရှိသည့် ခင်ပြုံး(ခ) ပေါက်စီမနှင့် ၎င်း၏ခင်ပွန်း ဖြိုးဝေဇင်တို့ကိုတွေ့ရှိ၍ ရဲစခန်းသို့ခေါ်ဆောင်လာပြီး ဦးအောင်နိုင်၊ ဦးထွန်းထွန်းလေး၊ အမျိုးသမီး သက်သေမရီရီလွင်တို့နှင့်အတူ ခင်ပြုံး(ခ) ပေါက်စီမနှင့် ၎င်း၏ခင်ပွန်း ဖြိုးဝေဇင်တို့ကိုရှာဖွေရာ ခင်ပုံး(ခ) ပေါက်စီမ လွယ်ထားသည့် ဖြူနီဝါရောင်စုံလွယ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ အလေးချိန် ၁၀ ဂရမ်ကို တွေ့ရှိသဖြင့် ခင်ပြုံး(ခ)ပေါက်စီမနှင့် ဖြိုးဝေဇင်တို့ကို စစ်ဆေးရာ ၎င်းတို့ပိုင် ပစ္စည်းများဖြစ်ကြောင်း ပြောဆို၍ သက်သေများရှေ့ သိမ်းဆည်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)



ဂုဏ်ယူဝမ်းမြောက်ခြင်း

Myanmar Technology Industrial Co.,Ltd. မှ ဦးသိန်းချီ (Managing Director) ၏ မင်းဝမ္မလမ်းရှိ **Hotel Sidney Yangon** အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် လုပ်ငန်းများ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Hotel Sidney Yangon

ဝန်ထမ်းမိသားစု

ကြော်ငြာ

၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂)နှင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ(၆)ပါ အနုညာတခုံသမာဓိလူကြီး(ဟောင်း) ဦးမောင်မောင်အုန်းမြိုင်၏ ကြေညာချက်နှင့်ပတ်သက်၍ ကန့်ကွက်ရှင်းလင်းခြင်း

အထက်ပါကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ကန့်ကွက်ရှင်းလင်းအပ်ပါသည်-

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် TAG Co., Ltd. တို့အကြား ဆောင်ရွက်ခဲ့သည့် အနုညာတခုံရုံးသည် မည်သည့်တရားရုံးနှင့် အုပ်ချုပ်မှုအဖွဲ့တစ်ခုခု၏ ကွပ်ကဲမှုရယူခြင်းမရှိဘဲ နှစ်ဦးသဘောတူနှစ်ဖက်ညှိနှိုင်း၍ ၁၅-၇-၂၀၁၃ ရက်နေ့တွင် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။

နှစ်ဦးသဘောတူဆောင်ရွက်သော အနုညာတခုံရုံးတွင် တစ်ဖက်မှ ခုံသမာဓိလူကြီး ဦးမောင်မောင်အုန်းမြိုင်အနေဖြင့် အယုံအကြည်ကင်းမဲ့ဖွယ် အောက်ပါကိစ္စများကို ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါသည်-

(က) ပဒ္မာဆပ်ပြာစက်ရုံနှင့်ပတ်သက်၍ စာချုပ်ပါ ငှားရမ်းခနှုန်းထားသတ်မှတ်ခြင်း အပိုဒ်(၆)(၇)ပါ စည်းကမ်းသတ်မှတ်ချက်အား TAG Co.,Ltd. မှ နည်းလမ်းတကျ လိုက်နာဆောင်ရွက်ခြင်းမရှိ၍ စက်ရုံပြန်လည်အပ်နှံရန် အကြောင်းကြားခဲ့ရာ TAG Co., Ltd. မှ ပြန်လည်အပ်နှံခြင်းမရှိ၍ အနုညာတခုံရုံးတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အခွင့်ရကိုယ်စားလှယ်မှ ၁၉-၈-၂၀၁၃ရက်နေ့ စက်ရုံပြန်လည်အပ်နှံရန် လျှောက်ထားချက်အပေါ် ခိုင်မာသည့်အကြောင်းပြချက်မရှိဘဲ အမှန်တရားကိုလျစ်လျူရှု၍ပယ်ချခဲ့ခြင်း။

(ခ) အငြင်းပွားမှုနှင့်ပတ်သက်၍ အနုညာတခုံရုံးဆောင်ရွက်နေစဉ်ကာလအတွင်း ၁၈-၁၁-၂၀၁၃ရက်နေ့တွင် တရားမကြီးအမှုအမှတ် ၈၂ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တွင် မြဝတီထရေးဒင်းလီမိတက်အား TAG Co.,Ltd. ဘက်မှ တရားစွဲဆိုခြင်းအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဘက်မှ ကန့်ကွက်ခြင်းကိုလျစ်လျူရှုပြီး ဆက်လက်တရားစွဲဆိုစေခဲ့ခြင်း။

(ဂ) အနုညာတခုံရုံးစတင်ဆောင်ရွက်သည့် ၁၅-၇-၂၀၁၃ရက်နေ့မှ (၆)လတာကာလအတွင်း သက်သေ(၂)ဦးကိုသာ စစ်ဆေးနိုင်ခဲ့ပြီး မေးခွန်းများပြန်လှန်မေးမြန်းရာတွင် ကျစ်လျစ်သိပ်သည်းစွာ လိုရင်းကိုမေးမြန်းခြင်းမရှိဘဲ အမှန်ကိုရှောင်လွှဲ၍ အချိန်ကြန့်ကြာစေရန် ဖန်တီးနေခြင်းသည် အမှားပေါ် အမှားဆင့်ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ခြင်းမရှိဘဲ အချိန်ဆွဲနေခြင်း။

အထက်ဖော်ပြပါအချက်များကြောင့် အနုညာတခုံရုံးဖြင့် ဆောင်ရွက်နေပါက အမှန်တရားဆိတ်သုဉ်းပြီး တရားမျှတသည့် ဆုံးဖြတ်ချက်ရရန်အကြောင်းမမြင်ပါသဖြင့် ၁၃-၁-၂၀၁၄ ရက်နေ့တွင် ခုံသမာဓိလူကြီးဦးမောင်မောင်အုန်းမြိုင်အား အယုံအကြည်မရှိ အဆိုတင်သွင်းပြီး ခုံရုံးအား တရားဝင်ဖျက်သိမ်းရန် တင်ပြခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းမှာ တရားနည်းလမ်းတကျ အသိပေးကြေညာပြီး အနုညာတခုံသမာဓိ အက်ဥပဒေပုဒ်မ ၁၁(၁)အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခုံသမာဓိလူကြီး ဦးကျော်မင်းမှ သဘောတူခွင့်ပြုခဲ့ပါသည်။

ဦးမောင်မောင်အုန်းမြိုင်သည် အမှန်တရားကိုရှောင်လွှဲ၍ ခုံသမာဓိလူကြီး ဦးကျော်မင်းအနေဖြင့် မည်သည့်စာမှတ်စာတမ်းဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း ခုံသမာဓိလူကြီးအဖြစ်မှ နုတ်ထွက်ကြောင်း အထောက်အထားတစ်စုံတစ်ရာ တင်ပြပြောဆိုခြင်းမရှိပါဘဲ နုတ်ထွက်သည်ဟုယခုကဲ့သို့ကြေညာခြင်းမှာ တစ်ဖက်သတ်ဆုံးဖြတ်ခြင်းသာဖြစ်၍ မှားယွင်းနေကြောင်းတွေ့ရှိရပါသည်။ အမှန်မှာအနုညာတခုံရုံးအား ဖျက်သိမ်းပြီးဖြစ်၍ ရုံးထိုင်ဆောင်ရွက်ရန် မလိုတော့ကြောင်းသာ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေ ဦးလှကြည် ရုံးသို့မလာရောက်သည်မှာလည်း အနုညာတခုံရုံးအား တရားဝင်ဖျက်သိမ်းလိုက်သည်ကို သဘောတူခြင်း၊ အသိအမှတ်ပြုခြင်းဖြစ်၍ ခုံသမာဓိရုံးသို့ မလာရောက်သည်ကို ပျက်ကွက်သည်ဟုမဆိုနိုင်ပါ။

တစ်ဖက်ခုံသမာဓိလူကြီးအား အယုံအကြည်မရှိသဖြင့် ခုံရုံးအားဖျက်သိမ်းပြီးဖြစ်ကြောင်းကြေညာကာ တရားဝင်အကြောင်းကြားခဲ့ပြီးဖြစ်၍ ဤခုံရုံးကိုအခြေခံလျက် မည်သည့်ဆောင်ရွက်ချက်ကိုမျှ ပြုလုပ်ရန် အကြောင်းမရှိပါကြောင်း သိစေအပ်ပါသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် TAG Co.,Ltd. တို့အကြား ညှိနှိုင်းဆောင်ရွက်သည့် အနုညာတခုံရုံးအား ဖျက်သိမ်းပြီးဖြစ်သောကြောင့် ဤအဖွဲ့ရှေ့တွင် နှစ်ဦးနှစ်ဖက်ယှဉ်ပြိုင်ရင်ဆိုင်စရာ အကြောင်းတစ်စုံတစ်ရာမရှိပါသဖြင့် နိုင်ငံတော်၏တည်ဆဲတည်မြဲ ဥပဒေပြဋ္ဌာန်းချက်များအရ TAG Co.,Ltd. အပေါ် ၂၅-၂-၂၀၁၄ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၌ အောက်ပါအတိုင်း တရားမကြောင်းဖြင့် အမှု(၃)မှု ဖွင့်လှစ်စွဲဆိုခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ဆက်လက်၍လည်း လိုအပ်ပါက တရားမကြောင်းအပြင် ပြစ်မှုကြောင်းတို့ဖြင့် အရေးယူစွဲဆိုဆောင်ရွက်ရန် စီမံထားပြီးဖြစ်ကြောင်း သိစေအပ်ပါသည်-

(က) တရားမမှုကြီးအမှတ်(၂၄) ကုန်ကြမ်းဆီ၊ ဆက်စပ်ပစ္စည်း၊ စက်ရုံငှားရမ်းခနှင့် ကြားကာလ နစ်နာကြေးတို့အတွက်ရလိုမှု

(ခ) တရားမမှုကြီးအမှတ်(၂၅) TAG Co.,Ltd. မှ ထုတ်ယူအသုံးပြုရောင်းချထားသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ကွပ်ကဲမှုအောက်ရှိ မြဝတီထရေးဒင်းလီမိတက်ပိုင် ပဒ္မာဆပ်ပြာတန်ဖိုးငွေများနှင့် ကြားကာလ နစ်နာကြေးရလိုမှု

(ဂ) တရားမမှုကြီးအမှတ်(၂၆) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ပိုင် ပေါင်မြို့ရှိ ပဒ္မာဆပ်ပြာစက်ရုံအား ပြန်လည်လက်ရောက်ရလိုမှုနှင့် ကြားကာလ နစ်နာကြေးရလိုမှု

အနုညာတခုံရုံးအား ၁၃-၁-၂၀၁၄ ရက်နေ့တွင် တရားဝင်ဖျက်သိမ်းပြီးဖြစ်သဖြင့် ၃-၂-၂၀၁၄ ရက်နေ့နှင့် ၁၀-၂-၂၀၁၄ရက်နေ့ ချိန်းဆိုချက်များနှင့် ၁၇-၃-၂၀၁၄ရက်နေ့ ရုံးချိန်းလာရောက်ရန်ဆင့်ဆိုခြင်းမှာလည်း ဥပဒေနှင့်မညီသောဆင့်ဆိုချက်များဖြစ်၍ လာရောက်ရှင်းလင်းရန်မလိုကြောင်း သိစေအပ်ပါသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှကြည် (B.A, H.G.P, R.L)

တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၅၈)

မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်း

(ယမန်နေ့မှအဆက်)

(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန်ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတကာနှင့်ဒေသဆိုင်ရာရှိ ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများနှင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ကောင်စီသည် ဤဥပဒေပါရည်ရွယ်ချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဘုတ်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

အခန်း(၅)
ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း

၁၁။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် ဘုတ်အဖွဲ့၏အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီအစည်းအဝေး သို့မဟုတ် ဘုတ်အဖွဲ့အစည်းအဝေးသို့ တက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(စ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဆ) ကွယ်လွန်ခြင်း။

အခန်း(၆)
အစည်းအဝေးများကျင်းပခြင်း

၁၂။ အစည်းအဝေးများကို အောက်ပါအတိုင်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်-

(က) ကောင်စီ၏ပုံမှန်အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ်ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ခ) ဘုတ်အဖွဲ့အစည်းအဝေးကို တစ်လလျှင်တစ်ကြိမ် ကျင်းပခြင်းနှင့်လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံးလေးပုံတစ်ပုံက စာဖြင့်ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကို ခေါ်ယူပေးခြင်း။

၁၃။ ဘုတ်အဖွဲ့၏ဆောင်ရွက်ချက်များကို ကောင်စီ၏အနီးကပ်ဆုံးအစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၄။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ ခြောက်လလျှင် တစ်ကြိမ် အသိပေးတင်ပြရမည်။ လိုအပ်ပါက အခါအားလျော်စွာ အသိပေးတင်ပြနိုင်သည်။

အခန်း(၇)
ဘဏ္ဍာရေး

၁၅။ ကောင်စီသည်-

(က) ကောင်စီ၊ ဘုတ်အဖွဲ့လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့များနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ ဘုတ်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ခံစားခွင့်ပြုနိုင်သည်။

၁၆။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေး၊ မှတ်ပုံတင် သက်တမ်းတိုးရန်ပျက်ကွက်သည့်ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၇။ ကောင်စီသည်-

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင်လုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၈။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

အခန်း(၈)
ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်

၁၉။ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုက အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူသည် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၀။ (က) ကောင်စီ၏ကိုယ်စား ဘုတ်အဖွဲ့သည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်လျက် ကျွမ်းကျင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ကျွမ်းကျင်မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်အခါ ယင်းကျွမ်းကျင်မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၁။ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီအနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့လျှောက်ထားရမည်။ ယင်းသို့သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၂။ ကောင်စီ၏ကိုယ်စား ဘုတ်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း(၉)
ဗိသုကာမှတ်ပုံတင်လက်မှတ်

၂၃။ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာ တက္ကသိုလ်နှင့်ကောလိပ်တစ်ခုခုကအပ်နှင်းသော ဗိသုကာပညာဆိုင်ရာဘွဲ့ရရှိသူသည် လည်းကောင်း၊ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင် ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၄။ (က) ကောင်စီ၏ကိုယ်စားဘုတ်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်လျက် မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်ဗိသုကာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်ဗိသုကာလက်မှတ်၏သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၅။ (က) မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်သည့်အခါ လိုင်စင်ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စားဘုတ်အဖွဲ့သည် ဗိသုကာပညာအလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍သတ်မှတ်အရည်အချင်းများပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်လျက် လိုင်စင်ဗိသုကာလက်မှတ်ထုတ်ပေးရမည်။

၂၆။ (က) လိုင်စင်ဗိသုကာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထား သည့်ကာလပြည့်မြောက်သည့်အခါ အကြီးတန်းလိုင်စင် ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား ဘုတ်အဖွဲ့သည် သတ်မှတ်အရည်အချင်းများပြည့်မီသူအား စည်းကမ်းချက်များသတ်မှတ်လျက် အကြီးတန်းလိုင်စင် ဗိသုကာလက်မှတ်ထုတ်ပေးရမည်။

၂၇။ (က) ဗိသုကာမှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိသူသည် မိမိ၏ ဗိသုကာမှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့သတ်မှတ်ထားသည့်ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား ဘုတ်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကိုသတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ သက်ဆိုင်ရာ ဗိသုကာမှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၈။ (က) နိုင်ငံခြားသားဗိသုကာပညာရှင်သည် မှတ်ပုံတင်နိုင်ငံခြားသား ဗိသုကာလက်မှတ်ကိုရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား ဘုတ်အဖွဲ့သည် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီသည့် နိုင်ငံခြားသားဗိသုကာပညာရှင်အား သတ်မှတ်ထားသည့်မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်လျက် မှတ်ပုံတင်နိုင်ငံခြားသား ဗိသုကာလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်နိုင်ငံခြားသားဗိသုကာလက်မှတ်ထုတ်ပေးပါက လုပ်ကိုင်ခွင့်ပြုသည့် ဗိသုကာပညာအမျိုးအစား၊ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသနှင့် အချိန်ကာလ ကန့်သတ်ချက်များကို ဖော်ပြရမည်။

အခန်း(၁၀)
မှတ်ပုံတင်လက်မှတ်ရရှိသူများ၏ တာဝန်နှင့်အခွင့်အရေး

၂၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီကသတ်မှတ်သည့်ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့်ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။

(င) ကောင်စီ၏လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

(ဆ) နိုင်ငံသားဗိသုကာပညာရှင်သည် ကောင်စီကသတ်မှတ်သည့်အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

အခန်း(၁၁)
စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၀။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဘုတ်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သောဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း။

အခန်း(၁၂)
အယူခံခြင်း

၃၁။ ဘုတ်အဖွဲ့ကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သောပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁ အရ အယူခံမှုတွင် ဘုတ်အဖွဲ့၏ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း(၁၃)
တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်မရှိဘဲ ဗိသုကာပညာဆိုင်ရာလုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်ခြင်းမပြုရ။

၃၄။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ မိမိရရှိသည့်အဆင့်အတန်းနှင့် မလျော်ညီသော အခေါ်အဝေါ်စကားရပ်များကို မိမိ၏အမည်နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

၃၅။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ-

(က) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။

(ခ) မိမိ၏မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့်ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက အဆိုပါပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၆။ မည်သူမဆို ပုဒ်မ ၃၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးနှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၄)
အထွေထွေ

၄၀။ ပုဒ်မ ၃၂ ပါ တားမြစ်ချက်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ခန့်အပ်ထားသည့် ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့်နည်းပညာကျွမ်းကျင်သူများက မိမိ၏ဌာနဆိုင်ရာ ဗိသုကာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်စေရ။

၄၁။ ကောင်စီသည်ကောင်စီ၊ ဘုတ်အဖွဲ့၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဒုတိယရုံးအဖွဲ့မှူးတစ်ဦး၊

(ခ) မှတ်ပုံတင်အရာရှိချုပ်တစ်ဦး၊

(ဂ) ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်ပမာဏနှင့်ညီမျှသော ဝန်ထမ်းများ။

၄၂။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ခန့်အပ်ထားသည့် ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားနိုင်သည်။

၄၃။ ဤဥပဒေ မပြဋ္ဌာန်းမီကတည်ရှိခဲ့သော မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့က ဗိသုကာပညာရှင်တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းသည် ဤဥပဒေနှင့်အညီ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဟု မှတ်ယူရမည်။

၄၄။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့်ကောင်စီဝင်၊ ဘုတ်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင် တစ်ဦးဦးအား တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ ဘုတ်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့်လုပ်ငန်းအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၇။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းထောက်ပံ့ကူညီပေးရမည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ဌာနဆိုင်ရာကြေညာချက်နှင့်ကြော်ငြာ

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းခံရသူများ ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ရှမ်းပြည်နယ်ခရိုင်နှင့် မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိ ကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	ရှမ်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ပြည်နယ်အစိုးရအဖွဲ့ရုံး	၈၁၂၁၂၁၀၆၁
၂	တောင်ကြီးခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၂၁၂၁၂၁၂
၃	တောင်ကြီးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၂၁၂၁၆၉၁
၄	ဟိုပုံးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၂၅၀၃၄၁၉၅၅
၅	ညောင်ရွှေမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၂၀၉၀၆၈
၆	ဆီဆိုင်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၄၉၀၀၃
၇	ကလောမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၅၀၀၅၄
၈	ပင်းတယမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၆၆၀၀၃
၉	ရွာငံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၆၈၀၀၂
၁၀	ရပ်စောက်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၂၀၄၀၅၅
၁၁	ပင်လောင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၅၄၀၁၈
၁၂	ဖယ်ခုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၂၈၃၆၈၆၀၀
၁၃	လွိုင်လင်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၃၀၁၀၆
၁၄	လွိုင်လင်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၃၀၀၃၃
၁၅	နမ့်စန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၈၀၀၁၅
၁၆	ကွန်ဟိန်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၈၄၀၀၃
၁၇	လဲချားမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၉၃၂၄၅၀၇
၁၈	မိုင်းကိုင်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၇၃၁၄၇၉၀၈
၁၉	မိုင်းရှူးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၂၅၀၁၃၄၁၀၀
၂၀	ကျေးသီးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၉၃၅၅၀၆၃
၂၁	လင်းခေးခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၈၇၀၆၄
၂၂	လင်းခေးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၁၈၇၀၀၆
၂၃	မိုးနဲမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၂၅၀၂၅၅၉၈၈
၂၄	မောက်မယ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၉၃၅၄၄၄၃
၂၅	မိုင်းပန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၃၆၂၀၈၃၄၅
၂၆	လားရှိုးခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၂၃၀၅၀
၂၇	လားရှိုးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၂၃၁၀၇
၂၈	သိန်းနီမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၆၃၀၀၄
၂၉	တန့်ယန်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၇၃၂၆၃၇
၃၀	မိုင်းရယ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၇၃၀၀၃၈
၃၁	မူဆယ်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၅၀၆၉၀
၃၂	မူဆယ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၅၀၅၂၁
၃၃	နမ့်ခမ်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၆၁၄၉၆
၃၄	ကွတ်ခိုင်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၆၂၀၀၁
၃၅	ကျောက်မဲခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၄၀၀၂၀
၃၆	ကျောက်မဲမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၄၀၀၂၃
၃၇	နောင်ချိုမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၈၅၀၃၁
၃၈	သီပေါမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၈၀၀၆၇
၃၉	နမ္မတူမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၈၇၀၀၇
၄၀	နမ့်ဆန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၈၉၀၀၂
၄၁	မိုးမိတ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၆၄၅၀၀၃
၄၂	မဘိမ်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၀၁၅၀၃၁၀၁
၄၃	မန်တုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၆၇၁၂၀၉၂
၄၄	ကွမ်းလုံခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၇၀၀၀၁
၄၅	ကွမ်းလုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၇၀၀၂
၄၆	ဟိုပန်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၇၄၁၁၃
၄၇	ဟိုပန်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၇၄၁၁၃
၄၈	မက်မန်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၉၀၃၂၇၈၉
၄၉	ကျိုင်းတုံခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၀၀၄၃၃၃၁၄
၅၀	ကျိုင်းတုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၃၆၁၀၅၃၃၃
၅၁	မိုင်းခတ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၃၆၀၄၂၉၆၇
၅၂	မိုင်းယန်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၂၅၀၁၃၁၆၅၂
၅၃	မိုင်းဆတ်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၄၆၀၂၁၁
၅၄	မိုင်းဆတ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၄၆၀၂၁၄
၅၅	မိုင်းပျဉ်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၉၃၃၄၀၉၂
၅၆	မိုင်းတုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၄၂၈၂၃၀၄၅
၅၇	တာချီလိတ်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းဦးစီးဌာန	၀၈၄၅၁၇၅၈
၅၈	တာချီလိတ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၈၄၅၁၄၈၃
၅၉	မိုင်းဖြတ်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၄၆၃၀၀၇
၆၀	မိုင်းဖြတ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၄၆၃၀၀၈
၆၁	မိုင်းယောင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၄၆၅၀၅၅
၆၂	လောက်ကိုင်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၇၂၀၁၂
၆၃	လောက်ကိုင်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၈၂၇၂၀၂၂
၆၄	ကုန်းကြမ်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉၃၆၀၁၁၇၉၆

ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်းအတွက် ပညာဒါန အလှူရှင်များ ဖိတ်ခေါ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ မင်းမအရှေ့ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်းသည် ပညာသင်ကြားရန် အခက်အခဲရှိသည့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နှစ်စဉ်သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ၈၀ကျော်နှင့် အဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်ပညာသင်ကြားသည့်ကျောင်းသား ကျောင်းသူ ၄၀ကျော်အပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၀ကျော်အတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၅၀ကျော်၊ လေးကြောင်းမျဉ်းစာအုပ် ဒါဇင် ၁၀၀ကျော် ကုန်ကျလျက်ရှိပြီး စာရေးကိရိယာများ၊ ကျောင်းစိမ်းဝတ်စုံနှင့် ကျောင်းလွယ်အိတ်များကိုလည်း ထောက်ပံ့ပေးလျက်ရှိရာ မျိုးဆက်သစ်လူငယ်မောင်မယ်များ၏ ပညာရေးခရီးလမ်းဆုံးခန်းတိုင်စေရေးနှင့် အခမဲ့ပညာဒါနပြု ပညာသင်ကြားပေးနေကြသော ဆရာ ဆရာမများ၏ လစဉ်ထိုက်သင့်သော ထောက်ပံ့လစာငွေများအတွက် ပညာဒါနပြုထောက်ပံ့ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ဆရာတော် ဦးကုဏ္ဍလ ဖုန်း-၀၉-၅၀၈၀၉၉၃၊ ဆရာတော် ဦးသုနန္ဒာ ဖုန်း-၀၉-၄၂၁၀၈၅၁၅၅၊ ဝိဇာတမိုးကုတ်ရိပ်သာကျောင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဆရာတော် ဦးသီရိန္ဒ စာချဆရာတော် ဖုန်း-၀၉-၄၂၁၀၉၇၁၇၀၊ မကွေးပရိယတ္တိစာသင်တိုက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မင်းမအရှေ့ဘုန်းတော်ကြီး သင်ပညာရေး မူလွန်ကျောင်း၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဖုန်း-၀၉-၄၇၂၃၄၅၅၆၊ ၀၉-၂၅၆၁၉၂၅၉၆

ကျောင်းအုပ်ဆရာတော်

သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တသံဝရ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၂၃၀၄၊ Xombo 110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းကြည် ၈/ရစက(နိုင်)၁၉၀၆၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်ခင်ဝင်းမြင့် **နှင့်** ဒေါ်ခင်သန့်ဇင်

(၎င်း၏အခွင့်ရကိုယ်စားလှယ်

ဒေါ်ခင်စိန်တိုး)

တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မလွှကုန်းမီးရထားဝင်း၊ အမှတ် ၃၈(အပေါ်ထပ်)နေ တရားပြိုင် ဒေါ်ခင်သန့်ဇင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်ဝင်းမြင့်က ကတိအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၂၆ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီလာဝင်း)

တွဲဖက်မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရှမ်းစုရပ်ကွက်၊ လောပိတလမ်း၊ အမှတ် ၂၁ နေ ဦးစိုးပိုင်၊ ဒေါ်မာလာချစ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရှမ်းစုရပ်ကွက်၊ လောပိတလမ်း၊ အမှတ် ၂၁ နေ ဦးစိုးပိုင်၊ ဒေါ်မာလာချစ်တို့၏သားဖြစ်သူ မောင်ဖြိုးသက်ခိုင် ၂/လကန(နိုင်)၀၇၆၈၂၄ သည် မိဘများကို ခွင့်မလွှတ်နိုင်သည့်ကိစ္စပြုလုပ်ထားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် မောင်ဖြိုးသက်ပိုင်နှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ - **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိုးပိုင်၊ ဒေါ်မာလာချစ် **ဦးဝင်းမြင့် LL.B**

တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၂၁)

တိုက် ၇၊ အခန်း ၃၀၃၊ ရွှေကိန္နရီအိမ်ရာ၊

ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့ယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၂၁၀၇၅၀၆၂

သွာနုတ္တသမီးများအဖြစ် အမွေပြတ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်လှိုင် ၁၂/တမန(နိုင်)၀၅၃၁၈၈၊ အမှတ် ၁၁၄ (လေးလွှာ)(ယာ)၊ ၃၈ လမ်း၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်။

ဦးစိန်လှိုင်မှ ၎င်း၏သမီးများဖြစ်ကြသော ဒေါ်တင်တင်လှိုင် ၁၂/ဒဂမ(နိုင်) ၀၀၇၆၂၂၊ ဒေါ်နီနီလှိုင် ၁၂/ဒဂမ(နိုင်)၀၀၇၇၂၃ ကိုင်ဆောင်သူတို့အား ဇနီးဖြစ်သူ(ဒေါ်ရာဘီယာ) ကွယ်လွန်ခဲ့ပြီးနောက် မိဘဝတ္တရားအရ အမွေပုံပစ္စည်းများကို မိသားစုသဘောတူစာချုပ်စာတမ်းဖြင့် ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်လျက် ၎င်းတို့သည် ဦးစိန်လှိုင်အပေါ် ကိုယ်စိတ်နှလုံးဆင်းရဲအောင်နှင့် သည်းမခံ၊ ခွင့်မလွှတ်နိုင်သော လူသားမဆန်သည့်ပြုလုပ်မှုများကို ပြုလုပ်ခဲ့သောကြောင့် ကျွန်ုပ်အမှုသည် ဦးစိန်လှိုင်မှ ၎င်းတို့အား သွာနုတ္တသမီးများအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းလှိုင်

LL.B, D.B.L,D.I.L,D.M.L

တရားလွှတ်တော်ရှေ့နေ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆရာဝန်တစ်ဦးလျှင် လူနာဦးရေ ၄၀ နှုန်းဖြင့် ကုသပေးနေသည့် နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး

နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများအပြင် လည်ချောင်းနှင့်ပတ်သက်သည့် အရေပြားရောဂါများကိုလည်း ကုသပေးလျက်ရှိသည်။

ရန်ကုန် မတ် ၁၅

ဒေသအသီးသီးရှိ ဆေးရုံများ အဆင့်မြှင့်တင်လာမှုကြောင့် နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ရောဂါများကို ပိုမိုကုသပေးနိုင်လာသည်ဟု ရန်ကုန်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံအုပ်ကြီး ဦးဝင်းအောင်ထံမှ သိရသည်။

သို့ရာတွင် နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ရောဂါကြီးအများစုကိုမူ ရန်ကုန်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင်သာ လာရောက်ကုသနိုင်ကြသဖြင့် ပုံမှန်ဆေးကုသသူများ နေ့စဉ်မပြတ်ရှိနေကြောင်း ဆေးရုံအုပ်ကြီးထံက သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တိုက်နယ်ဆေးရုံ အသီးသီးကိုလည်း ဆေးကုသမှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် ခုတင် ၁၀၀ ဆံ့ဆေးရုံအား ခုတင် ၂၀၀ သို့လည်းကောင်း၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံများကို ခုတင် ၃၀၀ သို့လည်းကောင်း၊ ယခင်က တိုက်နယ်ဆေးရုံ လုံးဝမရှိခဲ့ဖူးသည့် ဒေသများတွင် ၁၆ ခုတင်ဆံ့ ဆေးရုံများကိုလည်းကောင်း အသီးသီး တိုးမြှင့်ပေးခဲ့ခြင်းဖြင့် သာမန်ရောဂါဝေဒနာရှင်များသည် မြို့ကြီးများသို့ သွားရောက်ကုသရန် မလိုအပ်ဘဲ မိမိဒေသတွင်း၌ ဆေးကုသမှုများ ပြုလုပ်နိုင်လာပြီ ဖြစ်သည်။

ရန်ကုန်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးသည် ခုတင် ၁၅၀ ဆံ့ ဆေးရုံကြီးဖြစ်ပြီး ပြင်ပလူနာဌာနတွင် နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ပါမောက္ခ ဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်ကြည့်ရှုကုသပေးလျက်ရှိပြီး ဆရာဝန်တစ်ဦးလျှင် တစ်နေ့ လူနာဦးရေ ၄၀ အထိ ကုသပေးရပြီး နားပြည်ယိုရောဂါနှင့်လည်ပင်းကြီးရောဂါများကို အများဆုံးကုသပေးရကြောင်း သိရသည်။

သာမန်ရောဂါ ဝေဒနာရှင်များသည် မြို့ကြီးများသို့ သွားရောက်ကုသရန် မလိုအပ်ဘဲ မိမိဒေသတွင်း၌ ဆေးကုသမှုများ ပြုလုပ်နိုင်လာပြီ

ပြည်ပနိုင်ငံများမှ ဆရာဝန်ကြီးများ လာရောက်သည့် ကျန်းမာရေး စီမံကိန်းများနှင့် လျှုဒါန်းကုသမှုများ မကြာခဏပြုလုပ်လေ့ရှိပြီး နားရောဂါဝေဒနာရှင်များ အလယ်နားပျက်စီးလျှင် လာရောက်ကုသပေးသည့် ဆရာဝန်ကြီးများကိုယ်တိုင် အခမဲ့ကုသပေးပြီး အတွင်းနားပျက်စီးလျှင် ကုသမည့်လူနာမှ အစားထိုးကုသနိုင်ရန်အတွက် ပြည်ပသို့ ပစ္စည်းများကြိုတင်စာရင်းပေးသွင်း မှာယူနိုင်ကြောင်း သိရသည်။

နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ရောဂါများအပြင် လည်ပင်းအရေပြား ရောဂါကိုပါ ကုသပေးနေပြီဖြစ်ကြောင်း သိရသည်။

သိမ့်သိမ့်မိုး

ပျော်ဘွယ်မြို့နယ် အုပ်ဆပွင်ကျေးရွာ၌ ပညာရွှေမိုး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၃ ရက်က ကျင်းပခဲ့သည်။ မန္တလေးမြို့ စည်သူဘုရင်အုဋ္ဌကျောင်းဆရာတော် အရှင်အာဒိစ္စဝံသမှ မတည်လှူဒါန်းငွေကျပ် သိန်း ၃၀၊ အလှူရှင်များလှူဒါန်းငွေကျပ် ၂၃၅၀၀၀၀ စုစုပေါင်း ၅၃၅၀၀၀၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး (ပျော်ဘွယ်)

ခြောက်ဘီးယာဉ်ကို တိမ်းရှောင်ရာမှ ထော်လာဂျီတိမ်းမှောက်၊ ၁၃ ဦး ဒဏ်ရာရ

အောင်ပန်း မတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့မှ ပင်းတယသွားလမ်း မိုင်တိုင်အမှတ် ၅/၆ အနီး မတ် ၉ ရက် ညနေ ၄ နာရီက ယာဉ်မောင်းသိန်းဇော် (၂၈ နှစ်) မြင်းမူရွာ ပင်းတယမြို့နေသူသည် ခရီးသည် ၂၀ ခန့်တင်ဆောင်၍ ယာဉ်အမှတ် ၉၄/---- အစိမ်းရောင် ထော်လာဂျီအား မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင် ပင်းတယမှ အောင်ပန်းသို့ မောင်းနှင်လာသော ယာဉ်အမှတ် ၁ခ/--- ရိန်းဂျား ခြောက်ဘီးယာဉ်ကို ရှောင်လိုက်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ညာဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၃ ဦး ဒဏ်ရာရရှိခဲ့ရာ ခြောက်ဦးမှာ အောင်ပန်းပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ခုနစ်ဦးအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ဆက်လက်ပို့ဆောင်ထားပြီး ယာဉ်တိုက်မှုနှင့်ပက်သက်၍ အောင်ပန်းရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြန်လမ်းမကြီးပေါ် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြံပြု

ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်များ နေ့စဉ်မောင်းနှင်ကြရာ၌ အများပြည်သူများ သတိမထားမိကြသော အကြောင်းအချို့ရှိနေပြီး အထူးသဖြင့် အဝေးပြေးကားကြီးများ မောင်းနှင်ရာတွင် ကွဲပြားခြားနားမှုများ ရှိနေကြောင်း သိရသည်။ ယာဉ်ကြီးများသည် လူ/ကုန်ပစ္စည်းများစွာ တင်နိုင်ရန်အတွက် အင်ဂျင်စွမ်းအားကြီးမားသလို ကွေ့/ရပ်တန့်ရာတွင်လည်း သာမန်ယာဉ်ငယ်များထက် အချိန်နှစ်ဆယူကြရပြီး ယာဉ်ကြီးနှင့် ယာဉ်ငယ်ထိခိုက်မိပါကလည်း ယာဉ်ငယ်များ အထိနာသည်က များပြားလျက်ရှိနေသည်။

ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တင်ပြထားသော အချက်အချို့ကို သတိပြုမောင်းနှင်ပါက ယာဉ်အသုံးပြုသူများ အန္တရာယ်ပို၍ကင်းဝေးမည်ဖြစ်ပြီး ယင်းထုတ်ပြန်ထားချက်များအရ မျက်ကွယ်နေရာ (Blind Spot) ကားကြီးမောင်းသူ၏ ဘေး/နောက်ကြည့်မှန်မှ မမြင်နိုင်သော အနေအထားတွင် ကြာရှည်မနေပါနှင့်။

ချဉ်းကပ်လေလှိုင်းများ၊ ကားကြီးများအရှိန်နှင့် မောင်းနေစဉ်ကား၏ဝဲ/ယာ၌ အလွန်ပြင်းသော လေပွေလှိုင်း (Air Turbulence)များ ရှိပါသည်။ ချဉ်းကပ်လာသော ကားငယ်များကို ကနဦးတွင် တွန်းထုတ်၍ ဘေးချင်းယှဉ်စဉ်တွင် အနားသို့ စုပ်ယူသည်။ ထို့ပြင် မိုးရွာချိန်၌ ရေမှုန်များမှုတ်ထုတ်သည်။ ကားကြီးများမကျော်မီ လက်ကိုင်ဘီးကို မြဲမြံစွာကိုင်ထားပါ။ သတိထား၍ မြန်မြန်ကျော်ပါ။ မိုးရွာနေချိန်ဖြစ်ပါက ရေသုတ်တံအမြန်ဖွင့်ထားပါ ။

ကပ်မလိုက်ပါနှင့် ကပ်လိုက်ခြင်းသည် အန္တရာယ်ရှိပါသည် ။ ကားကြီးများနောက် ကပ်လိုက်ခြင်းသည် ပိုပြီးအန္တရာယ်ရှိပါသည်။ ကပ်လိုက်ခြင်းကြောင့် သင်လည်း ရှေ့ကိုမမြင်ရသလို ရှေ့မှကားကြီးမောင်းသူလည်း သင့်ကိုမမြင်ရပေ။ ဝေးလေကောင်းလေဖြစ်သည်။ ချဉ်းကပ်လာသည်နှင့် ဟွန်းတီးခြင်း၊ အချက်ပြမီးကြိုတင်ပြခြင်းများ ပြုလုပ်ရမည်။

ရှေ့နောက် ကားကြီးနှစ်စီး မောင်းစဉ် ကြားနေရာလွတ် ကျဉ်းမြောင်းပါက အမြန်ကျော်တက်ပြီး ကားကြီးနှစ်စီးကြား မဝင်သင့်ပါ။ အကျော်ခံရသည့် ကားကြီးယာဉ်မောင်းအတွက် ဘရိတ်ဖမ်းအကွာအဝေး နည်းပြီး ကြားညပ်နိုင်သည်။

ကားကြီးတစ်စီးကို ကျော်ပြီးသည်နှင့်ကျော်တက်ရန် ပေးထားသော ယာဉ်ကြော(Passing Lane)ပေါ်မှ အမြန်ဆင်းပါ။ မိမိကား၏ နောက်ကြည့်မှန်မြင်ကွင်းအတွင်း၌ ကားကြီးတစ်စီးလုံးမြင်ရသည်အထိ ကျော်တက်ပါ။ ထို့နောက်မှ ဘေးတိုက်ဦးခေါင်းလှည့်ကြည့်ပြီး အချက်ပြမီးပြ၍ ပုံမှန်ယာဉ်ကြော (Driving Lane)သို့ ပြန်ဝင်ပါ ။ ယာဉ်ကြီးများ၏ လက်ယာဘက်သည် မမြင်ကွယ်ရာ အများဆုံးဖြစ်၍ လက်ယာဘက်မှ လုံးဝမကျော်သင့်ပါ။

အဆိုပါ တင်ပြထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားချက်များအရ ရန်ကုန်-မန္တလေး လမ်းပေါ်တွင် ယာဉ်အသုံးပြုနေကြသော အများပြည်သူများ အနေဖြင့် မိမိတို့၏ အသက်အန္တရာယ် လုံခြုံစိတ်ချနိုင်ကြစေရေးအတွက် ရှေးရှုကာ အသိပေးတင်ပြလိုက်ရပါသည်။

စိုးဝင်း-SP

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဂေါက်ရှီလမ်း၊ ဂ၅/၁၇၃ နေ ဦးမောင်သန်း-ဒေါ်လှအေးခင် တို့၏သားထွေး

မောင်မင်းဇော်ထွန်း

LL.B

နှင့်

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ မင်းဘာကြီးလမ်း၊ မဘ/၁၉၂နေ ဦးဦးခင်မောင်-ဒေါ်မမြအေး တို့၏သမီးငယ်

မခင်သန္တာဖြူ(ခ)ဖြူဖြူ

B.A(Geography)

တို့သည် ၉-၃-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့၊ အမှတ်(၃)ရပ်ကွက်နေ မငြိမ်းဝေနှင်း ၅/ဆလက(နိုင်)ဝ၆၁၁၈၇ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၄င်းအား အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။

မိဘများ

ဦးတင်ဝင်း-ဒေါ်စိုးကြည်

အမည်ပြောင်း

ဦးမြင့်တင်၏သား ကျောက်မဲမြို့ အထက(၂)၊ နဝမတန်း(E)မှ မောင်ထက်ထက်ဝင်းအား ယနေ့မှစ၍ မောင်ထက်ဝေအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထက်ဝေအောင်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၈၆၆၁၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီဟ ၉/မမန(နိုင်)၀၇၇၉၉၃ က (ကမ-၃) စာအုပ်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၉၉၂၈ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်းအောင် ၉/ခအဇ(နိုင်)၀၀၃၇၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၆၄၇၃၃ Zong Shen ZS 110 42B ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည် ၈/ရနခ(နိုင်)၀၉၀၄၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၇၆၀၃ Toyota Alphard, M/B ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း ၁၂/လသန(နိုင်)၀၁၈၉၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မိဘအမည်မှန်

အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ သတ္တမတန်း(င)တွင် ပညာသင်ကြားနေသော မမျိုးမမဝင်းနှင့် မမျိုးပပဝင်းတို့၏ မိဘအမည်မှန်မှာ ဦးခင်ငြိမ်း ၁၂/ရပသ(နိုင်)၀၂၂၈၅၃နှင့် ဒေါ်မြင့်မြင့်မူ ၁၂/ရပသ(နိုင်)၀၀၁၃၅၀ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၈၄၁၇၊ 3F/8417၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဈေးချိုကျေးရွာနေ ဦးပွားမောင်-ဒေါ်နီလာဟန်တို့၏ သားဖြစ်သူ မောင်နေမျိုးလှိုင် ၉/မထလ(နိုင်)၂၈၈၀၈၀ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိသားစုဝင်များအားလုံးကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအတိုင်း နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ အရှုပ်အရှင်းကိစ္စအဝဝမှန်သမျှကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘများ

ဦးပွားမောင် ၉/မရတ(နိုင်)၀၁၇၀၉၈

ဒေါ်နီလာဟန် ၉/မရတ(နိုင်)၀၁၇၀၉၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နွေရာသီအားကစားသင်တန်းများ ပုသိမ်ကြီး၌ ဖွင့်လှစ်

ပုသိမ်ကြီး မတ် ၁၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အားကစားကော်မတီ၏ လမ်းညွှန်မှုဖြင့် နွေရာသီအားကစားသင်တန်းများကို မတ် ၁၂ ရက်က ပြည်သူ့ အားကစားကွင်းအတွင်း စတင်ဖွင့်လှစ်သည်။ **(ယာပုံ)**

ဘောလုံးအားကစားအတွက် သင်တန်းသား ၅၀၊ တိုက်ကွမ်ဒိုအားကစားနည်းအတွက် သင်တန်းသား ၆၀၊ အေရိုးဗစ်အားကစားသင်တန်းသား ၅၀ တို့ တက်ရောက်သင်ယူလျက်ရှိပြီး မတ် ၁၂ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ဘောလုံးနည်းပြ ဦးရန်နိုင်၊ တိုက်ကွမ်ဒိုနည်းပြ ဦးကျော်သူလွင်၊ ဦးဇေယျာအောင်၊ အေရိုးဗစ်နည်းပြ ဒေါ်သဲနုခိုင်၊ ဒေါ်သဲစုခိုင်တို့က သင်တန်းများပို့ချပေးလျက်ရှိပြီး သင်တန်းဖွင့်ပွဲသို့ ပုသိမ်ကြီးမြို့နယ် အားကစားကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နွေရာသီအားကစားသင်တန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိပြီး နွေရာသီအားကစားသင်တန်းမှသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထွက်ပေါ်လာရေးအတွက်ပါ ရည်ရွယ်၍ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်မှုများလည်း ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့်လည်း ကျောင်းသားလူငယ်အများစုမှာ နွေရာသီအားကစားသင်တန်းများကို ပိုမိုစိတ်ဝင်စားစွာဖြင့် တက်ရောက်လျက်ရှိသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ပုလဲ-ညောင်တုန်း လမ်းချောင်းကူးတံတား တည်ဆောက်ရေး အလှူငွေပေးအပ်

ပုလဲ မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ညောင်တုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၁၃ရက်က ပုလဲ-ညောင်ကုန်း ဖွံ့ဖြိုးရေးလမ်းချောင်းကူးတံတား တည်ဆောက်ရေးအတွက် Myanmar Precious Resources Group ကုမ္ပဏီမှ ပထမအကြိမ်အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

"ပုလဲ-ညောင်တုန်း လမ်းပေါ်မှာရှိတဲ့ သစ်သားတံတားကို ၁၉၇၀ လောက်မှာ ကျေးရွာပြည်သူတွေက ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ထားတာဖြစ်ပါတယ်။ နှစ်ပေါင်း ၄၀ ကျော်ပြီမို့ တံတားက အိုမင်းလာလို့ ယခုလို တံတားအသစ်တည်ဆောက်ဖို့ လှူဒါန်းရခြင်း ဖြစ်ပါတယ်"ဟု အလှူရှင်က ပြောကြားသည်။

အဆိုပါတံတားအား အကျယ် ၁၄ ပေ၊ အရှည် ၂၄ ပေရှိ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဖြစ်၍ ငွေကျပ်သိန်း ၅၀ ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ကျေးရွာပြည်သူများ၏ လုပ်အားဒါနဖြင့် ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

ပုသိမ်ကမ်းနားလမ်းမကြီး အဆင့်မြှင့်တင်

ပုသိမ် မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်းမကြီး တစ်လျှောက် လမ်းအဆင့်မြှင့်တင်ခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို အပိုင်းလိုက် ဆောင်ရွက်လျက်ရှိရာ အကောက်ဆိပ်ရပ်ကွက်၊ နိဗ္ဗာဗလမ်းမကြီးနှင့် ကွမ်းခြံလမ်းတို့ကို ဆက်သွယ်ရန် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းမှာ မတ် ၁၃ ရက်က ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၅၅၅ သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၁၈၅၀ နှင့် အကျယ်ပေ ၂၀ ခန့်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုပ္ပားတောင်ချစ်သူများ စိုက်ပျိုးရန် ပျိုးပင် ၅၀၀၀ သစ်တောမှ ပေးအပ်

ကျောက်ပန်းတောင်း မတ် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝါသနာတူလူငယ်များဖြင့် စုပေါင်းဖွဲ့စည်းထားသည့် ပုပ္ပားတောင်ချစ်သူများအသင်းသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ပျိုးပင် ၅၀၀၀ ကို မတ် ၁၃ ရက် နံနက် ၁၀ နာရီက ဆည်ပေါက်ပျိုးဥယျာဉ်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပျိုးပင်များကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ လှူဒါန်းခြင်းဖြစ်ပြီးညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဆည်ပေါက်ပျိုးဥယျာဉ်ခြံ တာဝန်ခံ ဦးကျော်ဝင်းနိုင်က ပေးအပ်လှူဒါန်းရာ ပုပ္ပားတောင်ချစ်သူများ အသင်းမှ ဆရာဦးကျော်ဝင်းဆွေက လက်ခံယူခဲ့သည်။ "ကျွန်တော်တို့အဖွဲ့က ၂၀၁၃ ခုနှစ် မိုးတွင်းကတော့ ပျိုးပင်ပေါင်း ၁၆၀၀၀ လောက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်တဲ့အနေအထားကတော့ ကျေးရွာထင်းစိုက်ခင်းတွေနဲ့ စိုက်ပျိုးမြေလွတ်တဲ့ မြေလွတ်မြေရိုင်းတွေမှာ အဖွဲ့တွေနဲ့ ဒေသခံလူငယ်တွေ စုပေါင်းပြီး ကိုယ်တိုင်တူး ကိုယ်တိုင်စိုက်ကြတာပါ။ အချို့ရွာတွေကတော့ သူတို့ရှိတဲ့ မြေလွတ်တွေမှာ စိုက်ချင်တဲ့ ပျိုးပင်ကို သူတို့ကိုယ်တိုင်ပဲ ဂရုစိုက်ကြပေါ့။ အဖွဲ့က စိုက်ထားတဲ့အပင်လေးတွေကိုတော့ အဖွဲ့ဝင်တွေကပဲ အလျဉ်းသင့်သလို သွားကြည့်ပြီး ဂရုစိုက်ကြရပါတယ်။ သေတဲ့အပင်တွေသေသလို ရှင်တဲ့အပင်တွေလည်း တော်တော်များများ ရှင်ကြပါတယ်"ဟု ဆရာဦးကျော်ဝင်းဆွေက ပြောသည်။

ယခု စိမ်း/စိုဦးစီးဌာနမှ လှူဒါန်းသောပျိုးပင်များမှာ တမာ၊ ကုက္ကို၊ မဲဇလီ၊ မြန်မာရှားနှင့် ယင်းမာ ပျိုးပင် ၁၀၀၀ စီဖြစ်ပြီး စုစုပေါင်းရရှိသည့် ပျိုးပင် ၅၀၀၀ ကို ပုပ္ပါးတောင်မကြီး အရှေ့တောင်စောင်းရှိ ငဝစမ်းရေထွက်ဝန်းကျင်နေရာများ၊ ပုပ္ပားမြောင်စောင်းဒေသများနှင့်ပုပ္ပားတောင်မကြီးအရှေ့ခြမ်းရှိ ဆည်ရွာဝန်းကျင် ထင်းစိုက်ခင်းများတွင် ခွဲဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရပြီး ပုပ္ပားတောင်ချစ်သူများ အသင်းအနေဖြင့် ယခုနှစ်တွင် အလှူခံရရှိသည့် ပျိုးပင်ပေါ်မူတည်၍ စုစုပေါင်း ၆၀၀၀၀ ခန့် စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။ ယခုနှစ်တွင်လည်း မိုးရာသီမတိုင်မီ သစ်ပင်များ ပိုမိုစိုက်ပျိုးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ **နေအောင်(ပြန်/ဆက်)**

စစ်ကိုင်းရှိ စာကြည့်တိုက်များအတွက် အစ္စရေးနိုင်ငံသံအမတ်ကြီးမှ စာအုပ်များပေးအပ်

မုံရွာ မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စာကြည့်တိုက်များ၊ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များသို့ အစ္စရေးနိုင်ငံ သံအမတ်ကြီးမှ စာအုပ်များ လှူဒါန်းပွဲကို မတ် ၁၃ ရက်က ကျင်းပခဲ့သည်။ အစ္စရေးသံအမတ်ကြီး မစ္စတာဟာဂေးမိုရှည်ဘီဟာကဝိညာဉ်ဌက်အမည်ရှိ စာအုပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က သုတ/ရသ စာအုပ်/စာစောင်များကို လည်းကောင်း လှူဒါန်းခဲ့ပြီးနောက် မုံရွာမြို့နယ် မင်းရွာကျေးရွာရှိ ဇေယျမင်္ဂလာပိဋကတ်စာကြည့်တိုက်သို့ သွားရောက်လေ့လာခဲ့ပြီး စာကြည့်တိုက်အတွက် စာအုပ် စာစောင်များ လှူဒါန်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ဖိတ်ကြားအပ်ပါသည်

စစ်တွေကောလိပ်တွင် ၁၉၇၆ခုနှစ်မှစ၍ ပညာသင်ကြားခဲ့ကြသော ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ပေါင်းစုံမှ ကျောင်းနေဖက်သူငယ်ချင်း ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ် မိတ်ဆုံညစာစားပွဲပြုလုပ်ပါမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်းကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

၄င်းနေ့တွင် လူမှုရေးအသင်းဖွဲ့စည်းမည်ဖြစ်ပါသည်။ အောက်ပါသူငယ်ချင်းများသို့ ဆက်သွယ်ကြပါရန်။

- ဦးကျော်သိန်း(မင်းပြား) ဖုန်း-၀၉-၅၀၉၁၂၁၉
- ဒေါ်ခိုင်ခိုင်ဖဲ(မြောက်ဦး) ဖုန်း-၀၉-၅၅၀၂၃၈၃
- ဒေါ်အုန်းမြင့်(စစ်တွေ) ဖုန်း-၀၉-၂၅၄၂၅၂၆
- ဒေါ်နီနီအောင်(သံတွဲ) ဖုန်း-၀၉-၂၅၄၀၆၄၁၉၅
- ဦးထွန်းမြင့်ဇော်(ကျောက်ဖြူ) ဖုန်း-၀၉-၅၀၉၀၁၂၇

နေရာ - M.3 Food Center[Golden Hall ခန်းမ]
ဗဟန်းအားကစားကွင်းအနီး။
နေ့ရက်- ၃၀-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)
အချိန် - ညနေ ၆နာရီမှ ည ၉နာရီအထိ

အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်မနားမြို့နယ်၊ ယောက်သွားအင်းရပ်ကွက်၊ ဦးသုံးစက်ပိုင်း၊ အိမ်အမှတ်(၄၇)သည် ဖခင်ဖြစ်သူ ဦးချစ်စိုး ၉/ပမန(နိုင်)၁၂၅၄၅၁၏ဂရန်အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးချစ်စိုး၏ဂရန် အမည်ပေါက်မြေကွက်ကို ဖခင်ကွယ်လွန်သွားသည့်အတွက် မိခင်ဒေါ်တင်တင်မော်နှင့် သားသမီးခြောက်ဦးဖြစ်သော ဒေါ်တင်ပပထွန်း ၉/ပမန(နိုင်)၁၂၃၀၅၉၊ ဦးတင်လှိုင်ထွန်း ၉/ပမန(နိုင်)၁၉၁၃၇၂၊ ဦးတင်ဇော်ထွန်း ၉/ပမန(နိုင်)၁၆၂၀၈၈၊ ဦးတင်ထွန်းနိုင် ၉/ပမန(နိုင်) ၂၀၂၉၄၅၊ မယဉ်မင်းသူ၊ ကိုခိုင်ဇင်စိုး ၉/ဇဗသ(နိုင်)၀၀၁၃၂၃ တို့မှ ပိုင်ဆိုင်ကြပါသည်။ အဆိုပါအိမ်အမှတ်(၄၇)တိုက်နှင့် ဝိုင်းခြံမြေကွက်ကို မိခင်နှင့်သားသမီးခြောက်ဦးတို့အနက်မှ တစ်ဦးတစ်ယောက်တည်း၏သဘောဆန္ဒနှင့်အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ မပြုလုပ်ရန် တားမြစ်ကြေညာအပ်ပါသည်။ တားမြစ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုပါက ဆောင်ရွက်လုပ်ကိုင်ကြသူများ၏ တာဝန်သာဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁) ဒေါ်တင်ပပထွန်း (၂) ဦးတင်နိုင်ထွန်း (၃) ဦးတင်ဇော်ထွန်း
(၄) ဦးတင်ထွန်းနိုင် (၅) မယဉ်မင်းသူ (၆) ကိုခိုင်ဇင်စိုး

အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၀၉

ဒေါ်ရင်ရင်ထွေး နှင့် ဒေါ်ဆွေဆွေဝင်း
လျှောက်ထားသူ လျှောက်ထားခံရသူ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံးနေ ဒေါ်ဆွေဆွေဝင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

လျှောက်ထားသူမှ တာမွေမြို့နယ်တရားရုံး၏ တရားမအထွေထွေမှုအမှတ် ၄/၂၀၁၂တွင် ချမှတ်ခဲ့သည့်အမိန့်ကို မကျေနပ်သဖြင့် ဤရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်သို့ တရားမပြင်ဆင်မှုတက်ရောက်ခဲ့သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်မတ် ၂၈ရက် မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ရုံးသို့လာရောက်ရမည်။ သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။

၂၀၁၄ ခုနှစ် မတ် ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး-၂
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၆/နောက် ၊ မြေကွက်အမှတ် ၉၀၊ မြေကွက်တည်နေရာအမှတ်-၉၀၊ ဇမ္ဗူသီရိ အနောက်(၃)လမ်း၊ ၆/နောက် ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းရွှေ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးထွန်းရွှေ(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်သိန်းမြင့် ၁၂/သကတ(နိုင်) ၁၀၇၆၂၇ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၀၃၀/၂၀၁၃)ရရှိသူ ဦးဇော်ညို မြင့်(ခ)ဦးဂျိုးဇက်ပီတာ ၁၂/မဂတ(နိုင်) ၀၀၅၀၃၅က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၀၊ မြေကွက်အမှတ် (၁၁၈၀/ခ)အမည်ပေါက် ဦးခင်အေး ၁၂/သဃက(နိုင်)၀၂၇၇၄၂ မှ မြေချစလစ်ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် စ/၅၉၅၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
ခရိုင်ရုံး(ကလေး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ည/၂၂၅၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
ခရိုင်ရုံး(ကလေး)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်၊ ပေါင်းလောင်း (၃)၊ ဦးပိုင်အမှတ် ၁၃၂၃မြေ အကျယ် ပေ(၄၀×၆၀)ရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အား ဒေါ်ခင်သန်းသန်း ၉/ရမသ(နိုင်)၀၀၈၄၂၂ ဂရန်အမည်ပေါက်ဖြင့် တည်ရှိသောမြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူတစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**
ဒေါ်ခိုင်ဇာလင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၂၈၅၈)
အမှတ် ၁/၆၅၊ ကန်ဦးရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၀၁၆၃၂၉

ယဉ်ကျေးမှုအမွေအနှစ်ဆောင်းပါး

စိုးရိမ်စရာဖြစ်လာနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များရှိရာ ပုဂံမြေ

သမိုင်းအဆက်ဆက်တွင် ပုဂံခေတ်သည် အမျိုး၊ ဘာသာ၊ သာသနာနှင့် အနုပညာလက်ရာများ အံ့မခန်းဖွံ့ဖြိုးစည်ပင်ခဲ့ပါသည်။ ပုဂံရှေးဟောင်းအဆောက်အအုံများ၏ ဗိသုကာလက်ရာများ၊ ပန်းတမော့၊ ပန်းတော့လက်ရာများမှာ အနုပညာမြောက်လှသည်။ အရှေ့တောင်အာရှတွင်သာမက ကမ္ဘာ၌ပင် ပုဂံဒေသသည် ရှေးဟောင်းအဆောက်အအုံများ တစုတဝေးတည်း ပေါများအကြွယ်ဝဆုံးအဖြစ် စံထားခံရပါသည်။

အေဒီ(၂)ရာစု၊ ခရစ်သက္ကရာဇ် ၁၀၇ ခုနှစ်တွင် တုရင်တောင်၏ အရှေ့ဘက် ယုန်လွှတ်ကျွန်းအရပ်၌ ရွာကြီး ၁၉ရွာစုစည်း၍၊ အရိမဒ္ဒနပူရ အမည်သမုတ်ကာ ပုဂံမြို့ကို စတင်တည်ထောင်ခဲ့သည်။ ခရစ်သက္ကရာဇ် ၃၄၄ ခုနှစ် ပုဂံမင်းဆက် ခုနစ်ဆက်မြောက် သေလည်ကြောင်မင်းလက်ထက်၌ ယုန်လွှတ်ကျွန်းမှ သီရိပစ္စယာအရပ်သို့ ပြောင်းရွှေ့စိုးစံခဲ့သည်။ ထို့နောက် ခရစ်သက္ကရာဇ် ၅၁၆ ခုနှစ်၊ မင်းဆက် ၁၂ ဆက်မြောက် သိုက်တိုင်မင်းလက်ထက်တွင် ဖွားစောရွာအနီးတွင် တမ္ပဝတီဟု သမုတ်၍ မြို့တော်ကို ပြောင်းရွှေ့ခဲ့ပြန်သည်။

ခရစ်သက္ကရာဇ် ၈၄၆ ခုနှစ် မင်းဆက် ၃၄ ဆက်မြောက် ပျဉ်ပြားမင်းလက်ထက်၌ ယခုပုဂံမြို့ဟောင်းနေရာသို့ ပြောင်းရွှေ့ပြီး ကျုံး၊ အုတ်မြို့ရိုး၊ မြို့တံခါးများစသည့် မြို့အင်္ဂါရပ်များဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့သည်။ ပုဂံမြို့တော်ကို လေးနေရာပြောင်းကာ သမုဒ္ဒရာဇ်မင်းမှစ၍ စောမွန်မင်းအထိ မင်း ၅၅ ဆက်အုပ်ချုပ်စိုးစံခဲ့သည်။ ပျူရွာကြီး ၁၉ ရွာကို စုစည်းပြီး တည်ဆောက်ခဲ့၍ ပျူဂါမဟု ခေါ်ရာမှ ပုဂံဟူ၍ ဖြစ်ပေါ်လာသည်။

ယခုအခါ ပုဂံမြို့ကြီးသည် အလွန်ဖွံ့ဖြိုးတိုးတက်စည်ကားလာနေပြီဖြစ်သည်။ မြို့အင်္ဂါရပ်နှင့်အညီ ပုဂံမြို့တော်ကြီးတွင် ပြည်တွင်းပြည်ပမှ လာရောက်လေ့လာ လည်ပတ်ကြသော နိုင်ငံခြားသား၊ နိုင်ငံသား ဘုရားဖူးများအတွက် ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ရိပ်သာများနှင့် စားသောက်ဆိုင်ကြီးများဖြင့် ပုဂံမြို့ကြီးမှာ မြိုင်ဆိုင်လှပနေပြီဖြစ်သည်။ ပုဂံမြို့သည် မြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိမှုအများဆုံး ရှေးဟောင်းအမွေအနှစ် တစုတဝေးတည်း တည်ရှိရာမြို့တစ်မြို့လည်းဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက် စည်ကားလာသည်နှင့်အမျှ ရှေးဟောင်းအမွေအနှစ်များ တစ်နေ့တခြားလျော့နည်း နည်းပါးဆုံးရှုံးလာသည်ကိုလည်း တွေ့မြင်လာရပါသည်။ ငွေရှင်၊ ခနရှင်၊ စီးပွားရေးသမားများ၏ အပြိုင်စီးပွားရှာမှုအောက်တွင် ရောက်ရှိနေပြီဖြစ်သော ပုဂံမြို့သည် စေတီဘုရား၊ ဂူပုထိုးများနှင့်အပြိုင် ဟိုတယ်၊ စားသောက်ဆိုင်ကြီးများနှင့် မွန်းကျပ်နေပြီဖြစ်သည်။ စီးပွားရေးသမားများ၏ စီးပွားရေးဇရိယာချဲ့လာမှုသည် ပုဂံမြေရှိ ပုဂံသူ၊ ပုဂံသားများ နောက်တစ် ချိန် လက်ညှိုးထိုးပြရန်ပင် မရှိအောင် ခနငွေကြေးနှင့် နှင်ထုတ်နေပြီသလားဟုပင် တွေးထင်မိသည်။ ခနရှင်များက ရိုးသားသော ပုဂံဒေသခံများ မတွေးမထင်မိသော ဈေးနှုန်းများ ပေးပြီး မြေနေရာများအား ဝယ်ယူနေကြခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များရှိရာ ပုဂံမြေမှာ နောင်တစ်ချိန်အတွက် စိုးရိမ်စရာဖြစ်လာပြီဟု ပုဂံမြို့အနီးတွင် နေထိုင်သည့် အဘိုးတစ်ဦးက ပြောသည်။

> စေတီပုထိုး၊ ဂူပုထိုးများနှင့်အပြိုင် ဟိုတယ်၊ စားသောက်ဆိုင်ကြီးများနှင့် မွန်းကျပ်နေပြီဖြစ်သည်. . .

လွန်ခဲ့သော သုံးနှစ်မှစတင်၍ ဈေးနှုန်းတက်လာသော ပုဂံ၏ မြေယာဈေးနှုန်းသည် အထူးပင် အံ့သြလောက်ဖွယ်ဖြစ်သွားပြီဟု သိရသည်။ ဒေသခံပုဂံသူ ပုဂံသားများအနေဖြင့် မိမိတို့ ပိုင်ဆိုင်ခဲ့ကြသော မြေယာများကို ဈေးကောင်းရရှိပြီဟု ထင်မှတ်ရောင်းချခဲ့ကြသည့် မြို့ခံများသည် ယခုတော့ သိန်းထိ ၁၅၀၀ ဆုကြီးပေါက်ခဲ့လျှင်ပင် မိမိတို့ ပုဂံမြေ၊ အိမ်ရာမြေယာများအား ပြန်လည်ဝယ်နိုင်တော့မည် မဟုတ်ကြောင်း ကျေးလက်ဒေသခံတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ တစ်နေ့တခြား ပုဂံမြေကြီးနဲ့ ဝေးဝေးလာနေရပါပြီ။ ပုဂံသူ ပုဂံသားဆိုတာ နောင်တစ်ချိန်မှာ ပြစရာပင် ရှားပါးလာတော့မှာပါ။ ကျွန်တော် လွန်ခဲ့တဲ့ ငါးနှစ်ခန့်က မြေခုနစ်ဧကရောင်းခဲ့တယ်။ ရောင်းချပြီး ပုဂံနဲ့ကျောက်ပန်းတောင်းမြို့ကြား ရွာတစ်ရွာမှာ ပြန်ဝယ်ဖြစ်တယ်။ အခု ငါးနှစ်တာကာလအတွင်းမှာ မြေဈေးပြောင်းလဲခဲ့လို့ ကျွန်တော်ရောင်းချတဲ့ မြေခုနစ်ဧကကို နောင်ဘဝအဆက်ဆက်တောင် ဝယ်နိုင်တော့မှာ မဟုတ်တော့ပါဘူး"ဟု ပုဂံမြို့တွင် နေထိုင်ခဲ့သူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ပုဂံသူ ပုဂံသားတွေဟာ ပုဂံမြို့ကြီးကို မခွဲခွာနိုင်တဲ့အတွက် ဈေးသည်လုပ်သား ဘဝအဖြစ်နဲ့သာ တွေ့မြင်ရတော့မှာပါ"ဟု ရွှေဂူကြီးဘုရားတွင် ဈေးရောင်းသော ဈေးသည်အမျိုးသားတစ်ဦးကပြောသည်။

ရှေးမင်းများ အဆက်ဆက်မှ ဆင်းသက်လာခဲ့သော ပုဂံမြေသည် အထင်ကရနေရာတစ်ခုဖြစ်သည်။ ရှေးမင်းများ အဆက်ဆက်မှ တည်ထားခဲ့သော စေတီပုထိုး၊ ဂူပုထိုးများရှိ ကျောက်စာများနှင့် နံရံဆေးရေးပန်းချီအချို့တွင် မင်းများအဆက်ဆက်၏ "ကတိ သစ္စာ ကျိန်စာ"များ ယခုတိုင် တွေ့ရှိမြင်တွေ့နေရသည်။ ယခုခေတ်တွင်လည်း ပုဂံမြေအား ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပုဂံယဉ်ကျေးမှု အမွေအနှစ်များနှင့်ပတ်သက်သည့် အချက်အလက်များ၊ မြေယာ၊ ဇုန်များသတ်မှတ်၍ ပြည်သူများ ရောင်းမှား၊ ဝယ်မှားမဖြစ်ကြစေရန် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်မှချမှတ်ထားသော စည်းကမ်း၊ စည်းမျဉ်း၊ ဥပဒေများအား အထူးလိုက်နာရန် လိုအပ်ပေသည်။ ယဉ်ကျေးမှုအမွေအနှစ်များရှိရာ ပုဂံမြို့ကြီး တည်တံ့ခိုင်မြဲရေးနှင့် ရှေးဟောင်းအမွေအနှစ်များ မပပျောက်၊ မပျက်စီးရေးသည် နိုင်ငံ့တာဝန်ဖြစ်သကဲ့သို့ ပုဂံသူ၊ ပုဂံသားများအနေဖြင့်ပါ အထူးပင်တာဝန်ရှိကြောင်းနှင့် ပြည်သူများပါ ပါဝင်တာဝန်ယူဆောင်ရွက်သင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ
သင်္ကြန်တရားစခန်း

ဇောတိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာနှင့် မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာတို့၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိလာသဂ္ဂအရှင်သူမြတ်မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးမြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ သင်္ကြန်တရားစခန်းကို ၁၂-၄-၂၀၁၄ ရက်မှ ၂၂-၄-၂၀၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ၃၀-၃-၂၀၁၄ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၅၁၈၉၈၂၈၊ ၀၉-၇၃၀၉၀၄၉၀၊ ၀၉-၄၅၀၀၄၄၁၆၂၊
ရုံးဖုန်း-၀၉-၃၁၃၁၇၅၇၃

(၃၄)ကြိမ်မြောက် မြန်အောင်မြို့လေးမျက်နှာ မဟာစည်သာသနာ့ရိပ်သာ
အထူးတရားစခန်းပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာကြီးတွင် (၃၄)ကြိမ်မြောက် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန်ဝိပဿနာတရားစခန်းပွဲကြီးကို ဒုလ္လဘရဟန်းခံခြင်း၊ ရှင်သာမဏေဝတ်ခြင်း၊ သီလရှင်ဝတ်ခြင်းနှင့်အတူ (၁၃၇၅ ခု တပေါင်းလပြည့်ကျော် ၇ ရက်မှစ၍ တပေါင်းလပြည့်ကျော် ၁၄ ရက်) ၂၂-၃-၂၀၁၄ ရက်မှ ၂၉-၃-၂၀၁၄ ရက်အထိ ပြုလုပ်သွားမည်။ ရေ၊ မီးနှင့် နေထိုင်စားသောက်နိုင်ရေးပြည့်စုံစွာစီစဉ်ထားသည်။ စိတ်ချမ်းသာစွာဖြင့် မြတ်ဗုဒ္ဓ၏ အမြတ်ဆုံးတရားတို့ကို နာကြားခြင်း ပရိယတ်ကျင့်ကြံပွားခြင်း၊ ပဋိပတ်သာသနာ့အလုပ်တို့ကို ပြုလုပ်နိုင်ရန်အတွက် ကြွရောက်အားထုတ်နိုင်ပါသည်။

အကျိုးဆောင်အဖွဲ့
မြန်အောင်လေးမျက်နှာမဟာစည်
မြန်အောင်မြို့၊
ဖုန်း-၀၄၄-၅၀၁၈၇၊ ၀၉-၅၀၅၁၈၇၆၄၊ ၀၉-၃၆၁၂၃၇၇၇

အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အလက(၁၅)အဋ္ဌမတန်း(C)မှ မောင်စိုင်းထက်မြတ်သူအား မောင်ထက်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးထွန်းဝေ ၉/မထလ(နိုင်)၀၉၆၁၆၉ဖြစ်ပါကြောင်း။

မောင်ထက်မြတ်သူ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်အောင်ခန့်သည် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၃/ဘအန(နိုင်)၂၉၂၉၇၁ ကိုင်ဆောင်သူဖြစ်ပြီး ကျွန်တော်၏ နိုင်ငံကူးလက်မှတ်အမှတ် A-502216 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မောင်အောင်ခန့်**
ဖုန်း-၀၉-၄၉၇၇၁၈၉၀သို့ ဆက်သွယ်ပေးပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် ၁၂၆၇၊ မြေကွက်တည်နေရာအမှတ် (၁၂၆၇)၊ သုဇာတာ ၄လမ်း၊ (၂)ရပ်ကွက်၊ ဦးတင်မြ ၁၂/ဥကမ(နိုင်)၀၉၆၈၅၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးတင်မြနှင့် မိခင် ဒေါ်ငြိမ်း ကွယ်လွန်သဖြင့် ဒေါ်အဝင်း ၁၂/ဥကမ(နိုင်)၀၉၆၇၈၇၊ ဦးသိန်းဝင်း ၁၂/ဥကမ (နိုင်)၀၇၉၇၁၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၁/၈-၁-၂၀၁၄)ဖြင့် ရရှိသူ ဦးအောင်ကျော်စိုး ၁၂/စခန(နိုင်)၀၂၃၀၂၃ မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၅၂၉၊ မြေကွက်တည်နေရာအမှတ် ၅၂၉၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁) ဦးနိုင်မင်းထွေး ၇/အတန(နိုင်)၀၅၉၁၄၈၊ (၂) ဦးဝင်းနိုင်၁၄/ဒဒရ(နိုင်)၀၀၄၁၈၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် (၁) ဦးနိုင်မင်းထွေး၊ (၂) ဦးဝင်းနိုင်(တရားရုံး)ကိုယ်စား ဘိလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၇/၂၀၁၄(၂၇-၁-၂၀၁၄)၊ တရားမဇာရီမှုအမှတ်၁၃/၂၀၁၄(၂၉-၁-၂၀၁၄)တို့ တင်ပြပြီး အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ထိုက်သူရမည်

တောင်/မြောက်လမ်းဆုံအနီး၊ အခန်းကျယ်ထောင့်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ အဲကွန်းအသစ်နှစ်လုံး၊ အဆင့်မြင့်ပြင်ဆင် ပြီး၊ ပထမထပ်၊ ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ ပိုင်ဆိုင်မှုခိုင်မာသောအိုး/အိမ် တိုက်ခန်း၊ ကျပ် ၃၃၃ သိန်း။
ဖုန်း-၀၉-၇၃၁၃၅၄၄၄၊၂၅၀၂၈၃၁၆၅

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၀ယ/၁၇၄၅၁ Stream YMD-110(M/C) ယာဉ်လက်ဝယ်ရှိသူ ရိုးမရာဇာကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၉၈၆၁ Luojia M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့်ဇော် ၉/ခမစ(နိုင်)၀၁၀၀၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၉၂၁၈ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းလွင် ၉/မကန(နိုင်)၀၄၇၁၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၆၉၄/က၊ ဧရိယာ စတုရန်းပေ ၁၂၀၀၊ နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ် ၆၉၄/က၊ ကျော်သူလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ပါစမ်းသီ ၁၂/ဥကတ(နိုင်)၁၁၅၅၄၉မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

စဉ့်ကူး မတ် ၁၅

